**Key Statements for the 2025 International Chinese-speaking Conference**

**ရောမစာစောင်၏ အခန်းကြီး ၅ မှ ၈ အထိကို သမ္မာကျမ်းစာ၏အနှစ်ချုပ်ဟု ခေါ်ဆိုနိုင်ပြီး ၎င်း၏အဓိက အကြောင်းအရာ တစ်ခုလုံးကို တိကျသေချာ၍ အသေးစိတ်သောနည်းလမ်း၌ ပြသထားသည်။ *အသက်*နှင့် *သေခြင်း*သည် အခန်းကြီး ၅ မှ ၈ တစ်လျှောက်တွင် အသက်၏လမ်းကြောင်းနှင့် သေခြင်း၏ လမ်းကြောင်း တည်းဟူသော ဆန့်ကျင်ဘက်ဖြစ်သော လမ်းကြောင်းနှစ်ခုကို ပုံဖော်ထား၍ လူသည် ဘုရားနှင့် စာတန်၊ အသက်နှင့် သေခြင်းအကြားရှိ သုံးပွင့်ဆိုင်  အခြေအနေ၌ရှိကြောင်း ပြသနေသည်။**

**ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခများ၌ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နေကြသောကြောင့်၊ ဘုရားသခင်၏ ဒိုင်းနမိုက်ကယ်တင်ခြင်း၏ရှင်သန်သောပန်းတိုင် ပြည့်စုံခြင်းအတွက် ကိုယ်တော်၏အသက်၌ ကယ်တင်ခံရကြသည်၊ ထိုပန်းတိုင်မှာ ဒေသန္တရအသင်းတော်များ၌ ထင်ရှားသည့် ခရစ်တော်၏ရှင်သန်သောကိုယ်ခန္ဓာတော် ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းဖြစ်သည်။ ယင်းသည် ကျွန်ုပ်တို့က သခင်ဘုရား၏ကြွယ်ဝသောကျေးဇူးတော်ကို မွေ့လျော် ဝမ်းမြောက်ရသောနေရာ၊ ငြိမ်သက်ခြင်း၏ဘုရားသခင်က ကိုယ်တော်၏ဘုန်းတော်ထင်ရှားခြင်းအတွက်နှင့် ကိုယ်တော်၏ အောင်ပွဲကို ပြသခြင်းအတွက် စာတန်ကို ကျွန်ုပ်တို့၏ခြေအောက်၌ နင်းခြေနှိပ်စက်သောနေရာဖြစ်သည်။**

**စစ်မှန်သောဗတ္တိဇံကို တွေ့ကြုံရပြီးနောက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထမြောက်တော်မူခြင်းပုံသဏ္ဌာန်၌ ခရစ်တော်နှင့် အတူ၊ ခရစ်တော်၌ ဆက်လက်ကြီးထွားကြရသည်၊ ၎င်းမှာ အသစ်သောအသက်၌ လျှောက်လှမ်းခြင်းဖြစ်သည်။**

**ရောမ ၈ သည် သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းအဖြစ် အရာအားလုံးပါဝင်သော၊ အသက်ပေးသော ဝိညာဉ်တော်နှင့် စပ်ဆိုင်နေသည်။ ဤဝိညာဉ်တော်က ကျွန်ုပ်တို့အား အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်း၌ ခရစ်တော်ကဲ့သို့ အတိအကျ တူညီခြင်းရှိစေလိမ့်မည်ဖြစ်သည်။**

*© 2025 Living Stream Ministry*

**Outlines of the Messages**
**for the International Chinese-speaking Conference**
**February 14-16, 2025**

**GENERAL SUBJECT:**
**ရောမသြဝါဒစာ၏ အခန်းကြီး ၅ မှ ၈ -**
**သမ္မာကျမ်းစာ၏အနှစ်ချုပ်**

Message One

## ရောမသြဝါဒစာစောင်အခန်းကြီး ၅ မှ အခန်းကြီး ၈ တစ်လျှောက်ရှိ အသက်၏လမ်းကြောင်းနှင့် သေခြင်း၏လမ်းကြောင်း

ဖတ်ရန်ကျမ်း။ ။ ရော၊ ၅း၁၀၊ ၁၂၊ ၁၄၊ ၁၇-၁၈၊ ၂၁။ ၆း၄၊ ၉၊ ၁၆၊ ၂၁-၂၃။
၇း၅၊ ၁၀၊ ၁၃၊ ၂၄။ ၈း၂၊ ၆၊ ၁၀-၁၁၊ ၃၈

**I. ရောမစာစောင်၏ အခန်းကြီး ၅ မှ ၈ အထိကို သမ္မာကျမ်းစာ၏အနှစ်ချုပ်ဟု ခေါ်ဆိုနိုင်ပြီး ၎င်း၏အဓိက အကြောင်းအရာ တစ်ခုလုံးကို တိကျသေချာ၍ အသေးစိတ်သောနည်းလမ်း၌ ပြသထားသည်။**

A. ဤအဓိကစကားလုံးနှစ်လုံး - *အသက်နှင့် သေခြင်း* - ကို ရောမသြဝါဒစာ ၅ မှ ၈ အထိ၌ ထပ်တလဲလဲ ဖော်ပြထားခဲ့သည်။ အသက် (၅း၁၀၊ ၁၇-၁၈၊ ၂၁။ ၆း၄၊ ၂၂-၂၃။ ၇း၁၀။ ၈း၂၊ ၆၊ ၁၀-၁၁၊ ၃၈) နှင့် သေခြင်း (၅း၁၂၊ ၁၄၊ ၁၇၊ ၂၁။ ၆း၉၊ ၁၆၊ ၂၁၊ ၂၃။ ၇း၅၊ ၁၀၊ ၁၃၊ ၂၄။ ၈း၂၊ ၆၊ ၁၀-၁၁၊ ၃၈) သည် အခန်းကြီး ၅ မှ ၈ တစ်လျှောက်တွင် အသက်၏လမ်းကြောင်း နှင့် သေခြင်း၏ လမ်းကြောင်း တည်းဟူသော ဆန့်ကျင်ဘက်ဖြစ်သော လမ်းကြောင်းနှစ်ခုကို ပုံဖော်ထား၍ လူသည် ဘုရားနှင့် စာတန်၊ အသက်နှင့် သေခြင်းအကြားရှိ သုံးပွင့်ဆိုင် အခြေအနေ၌ရှိကြောင်း ပြသနေသည်။

B. အသက်ပင်နှင့် သိကျွမ်းရာအပင် (သေခြင်း၏အပင်)သည် လမ်းကြောင်းနှစ်ခု - အသက်၏လမ်းကြောင်းနှင့် သေခြင်း၏ လမ်းကြောင်းကို ထွက်ပေါ်စေပြီး၊ သမ္မာကျမ်းစာတစ်လျှောက် သွားနေ၍ ဗျာဒိတ်ကျမ်း၌ အဆုံးသတ်သည်။ အသက်သည် အသက်ပင်နှင့် အစပြု၍ (က၊ ၂း၉) အသက်၏အလင်း (၂၁း၂၃။ ၂၂း၅) နှင့် အသက်၏ဘုန်းတော် (၂၁း၁၀-၁၁၊ ၂၃)၊ အသက် ပင်တို့နှင့်အတူ အသက်ရေ၏မြို့တော်ဖြစ်သော ယေရုရှလင်မြို့သစ်နှင့် အဆုံးသတ်သည် (ဗျာ၊ ၂၂း၁-၂)။ သေခြင်းသည် သိကျွမ်းရာအပင်နှင့် အစပြု၍ (က၊ ၂း၁၇) ငရဲမီးအိုင်နှင့် အဆုံးသတ်သည် (ဗျာ၊ ၂၀း၁၀၊ ၁၄)။

C. အသက်ပင်ကို စားသုံးခြင်းဖြစ်သော ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် ခရစ်တော်ကိုယ်တော်တိုင်ကို မွေ့လျော်ဝမ်းမြောက် ခြင်းမှာ အသင်းတော်အသက်တာ၌ အခြေခံကျသောအရာဖြစ်သင့်ပါသည် (က၊ ၂း၉။ ဗျာ၊ ၂း၇)။ အသင်းတော်အသက်တာ၌ ပါဝင်သောအရာမှာ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပို၍ ဝမ်းမြောက်လေလေ၊ ပါဝင်သောအရာမှာ ပို၍ ကြွယ်ဝလာလေလေ ဖြစ်သည်။

D. သို့သော် ခရစ်တော်ကို ဝမ်းမြောက်ရန်အတွက် ကိုယ်တော်ကို ရှေးဦးမေတ္တာဖြင့် ချစ်ရန် လိုအပ်နေသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံ ရှေးဦးမေတ္တာလျော့ခဲ့ပါက၊ ခရစ်တော်၏ဝမ်းမြောက်ခြင်းနှင့် လွဲချော်သွားမည်ဖြစ်၍၊ ယေရှု၏သက်သေခံ ချက် ဆုံးရှုံးသွားမည်ဖြစ်သည်။ ရလဒ်အနေဖြင့် မီးခုံတိုင်မှာ ကျွန်ုပ်တို့ထံမှ ရွှေ့သွားမည်ဖြစ်သည် - အငယ်၊၄-၇။

E. ရှေးဦးမေတ္တာကို ပြန်လည်ရယူရန်မှာ အရာခပ်သိမ်း၌ သခင်ယေရှုအား ပဌမအဖြစ် မှတ်ယူခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ သည် ကျွန်ုပ်တို့၏အသက်တာ၌ ခရစ်တော်ကို အရာခပ်သိမ်းဖြစ်စေပါက၊ ယင်းမှာ ကျွန်ုပ်တို့သည် ရှေးဦးမေတ္တာ ဆုံးရှုံး ခြင်းကို အောင်မြင်ခဲ့ကြောင်း ဆိုလိုခြင်းဖြစ်သည်- ကော၊၁း၁၈ခ။ ယော၊၁၄း၂၁၊ ၂၃။ ဆာ၊ ၉၀း၁။ ၉၁း၁။ ဖိ၊၃း၁၃-၁၄။

F. ဖေက်မြို့၌ရှိသောအသင်းတော်သို့ သခင်ဘုရား၏စကားပြောခြင်းကို အင်္ဂလိပ်အက္ခရာ *"l"* နှင့်စသည့် *ချစ်ခြင်းမေတ္တာ (love)*၊ *အသက် (life)*၊ *အလင်း (light)* နှင့် *မီးခုံတိုင် (lampstand)* -ဟူသော အရေးကြီးသော စကားလုံးလေးလုံးဖြင့် အနှစ်ချုပ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ရှေးဦးမေတ္တာကို ပြန်လည်ရယူရန် နည်းလမ်းတိုင်းနှင့် အရာခပ်သိမ်း၌ သခင်ယေရှု

ကို အဦးဆုံးနေရာပေးရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကိုယ်တော်အား အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်ဖြစ်ကာ ထိုအသက်သည် ချက်ချင်းပင် အသက်၏အလင်း ဖြစ်လာ၍ (ယော၊ ၈း၁၂)၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာနှင့် စုပေါင်းခြင်း၌ မီးခုံတိုင်အဖြစ် ထွန်းလင်းခြင်း ရှိကြလိမ့်မည် ဖြစ်သည် (ဗျာ၊ ၂း၁-၇)။

G. ဆိုးယုတ်သောသူတို့၏ ဆိုးညစ်သော အခြေအနေမှာ သူတို့သည် ကိုယ်တော်ကို စားသောက်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် ကိုယ်တော်ထံသို့ လာရောက်မှု မရှိခြင်းဖြစ်သည် (ညွှန်း၊ ဟေရှာ၊ ၅၅း၁-၂၊ ၆-၇။ ၅၇း ၂၀-၂၁)။ သူတို့သည် များစွာသော အရာများကို လုပ်ဆောင်ခဲ့ကြသော်လည်း သူတို့သည် ကိုယ်တော်ထံ လာရောက်ဆက်သွယ်ခြင်း၊ ကိုယ်တော်ကို ယူဆောင်လျှောက်လှမ်းခြင်း၊ ကိုယ်တော်ကို လက်ခံရရှိခြင်း၊ ကိုယ်တော်ကို မြည်းစမ်းခြင်းနှင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း မရှိကြပေ။ ဘုရားသခင်၏အမြင်တွင် ဤအရာထက်ပို၍ ဆိုးညစ်သော အရာမရှိတော့ပေ (ယေ၊ ၂း၁၃)။

**II. ယနေ့ ယုံကြည်သူသည် ဒေင်ဉယျာဉ်ပုံစံငယ်ဖြစ်သည် - ဘုရားသခင်သည် အသက်ပင်အဖြစ် သူ၏ဝိညာဉ်၌ရှိပြီး၊ စာတန်သည် ကောင်းမကောင်းသိကျွမ်းရာအပင်အဖြစ် သူ၏အသွေးအသား၌ရှိကာ သူ၏အသိဉာဏ်သည် ထိုနှစ်ခုအကြား၌ ရှိသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ သို့မဟုတ် အသွေးအသား၌ ရှိကြပြီး၊ ကျွန်ုပ်တို့အဖို့နေစရာ တတိယ နေရာမရှိပေ၊ ထို့ကြောင့် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိရမည်ဖြစ်သည် - ရော၊ ၈း၆။**

A. လူ၏ကိုယ်ခန္ဓာသည် နဂိုမူလက စင်ကြယ်သော်လည်း လူ၏ကျဆင်းခြင်းမှတဆင့် စာတန်သည် သူကိုယ်တိုင်ကို လူအထဲသို့ ထိုးသွင်းခဲ့ခြင်းကြောင့် လူ၏ကိုယ်ခန္ဓာသည် အသွေးအသားဖြစ်လာခဲ့သည် - က၊ ၃း၆။ ရော၊ ၇း၁၈က။

1. ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် "အပြစ်၏ခန္ဓာ" (၆း၆) နှင့် "ဤသေတတ်သောခန္ဓာ" (၇း၂၄) ဖြစ်သည်။ အပြစ်၏ခန္ဓာသည် ဘုရားကို ဆန့်ကျင်အပြစ်ပြုရာ၌ အလွန်ရှင်သန်ကာ ခွန်အားအပြည့်အဝရှိနေသည်။ သို့သော် ဤသေတတ်သောခန္ဓာသည် ဘုရားကို နှစ်သက်စေရန် လုပ်ဆောင်ခြင်း၌ အားနည်းကာ တန်ခိုးကင်းမဲ့နေသည် (အငယ်၊ ၁၈)။
2. ကျွန်ုပ်တို့သည် အသက်ရှင်နေသေးသရွေ့ ကျွန်ုပ်တို့၏ ရွေးနုတ်ခြင်း နေ့ရက်တိုင်အောင် အပြစ်နှင့် သေခြင်း၏ခန္ဓာသည် ကျွန်ုပ်တို့နှင့်အတူ အမြဲရှိနေမည်ဖြစ်သည် - ညွှန်း၊ ၈း၂၃။
3. အသွေးအသားသည် အပြစ်၊ သေခြင်းနှင့် စာတန်၏ "စည်းဝေးရာခန်းမ" နှင့် ခြံဝင်းဖြစ်သည်။ အသွေးအသားသည် မျှော်လင့်ချက်မဲ့သော အခြေအနေဖြစ်၍ ဘယ်သောအခါမျှ တိုးတက်ကောင်းမွန်မည်မဟုတ်ပါ - ၇း၁၇-၁၈၊ ၂၁။ ညွှန်း၊ ယော၊ ၁၇း၁၅။

B. ကိုယ်တော်၏စီမံကိန်းအဖို့အလို့ငှာ၊ ဘုရားသခင်သည် သူ၏ပညာတော်နှင့် အုပ်စိုးစီမံမှု၌ ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ ဝိညာဉ်ထံသို့ လှည့်ပြန်လာကြစေရန် တွန်းအားပေးခြင်းငှာ ကျွန်ုပ်တို့၏ အပြစ်နှင့်ပြည့်ဝ၍ ဆိုးညစ်သော အသွေးအသားကို အသုံးပြုတော်မူသည်၊ သို့မှသာ ကျွန်ုပ်တို့၌ ဘုရားသခင်၏ကြီးထွားခြင်းအားဖြင့် ကိုယ်တော်၏ တည်ဆောက်ခြင်းအတွက် ဝိညာဉ်တော်ကို ကျွန်ုပ်တို့ ပိုမိုရယူနိုင်ကြမည်ဖြစ်သည် - ကော၊ ၂း၁၉။ ဧ၊ ၄း၆။

1. တရားရေးဆိုင်ရာအရပြောဆိုမည်ဆိုလျှင်၊ စာတန်နှင့် ကျွန်ုပ်တို့၏အသွေးအသားသည် ကားတိုင်ပေါ်တွင် အပြီးသတ် စီရင်ခံခဲ့ရပြီးဖြစ်သည် (ရော၊ ၈း၃။ ယော၊ ၃း၁၄။ ဟေဗြဲ၊ ၂း၁၄။ ၂ကော၊ ၅း၂၁)၊ သို့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား အသွေးအသား၌ ကိုးစားခြင်းမရှိဘဲ ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော ခရစ်တော်ထံသို့ လှည့်ပြန်ကြခြင်းငှာ ကျွန်ုပ်တို့အား တွန်းအားပေးရန်နှင့် ကူညီရန် အသွေးအသားကို ကျွန်ုပ်တို့နှင့်အတူ ကျန်ရှိနေစေတော်မူသည် (ဖိ၊ ၃း၃)။
2. အပြစ်နှင့်ပြည့်ဝ၍ အကျည်းတန်သော အသွေးအသားဖြင့် ကူညီပေးခြင်းမပါရှိဘဲ၊ ကျွန်ုပ်တို့သည် သခင်ဘုရားကို ရယူရန် သို့မဟုတ်  ကိုယ်တော်အား ကျွန်ုပ်တို့အထဲသို့ ဆောင်ယူလာစေရန် စိတ်အားထက်သန်ကြမည်မဟုတ်ပေ - ရော၊ ၇း၂၄-၂၅။ ၈း၂၊ ၆၊ ၁၃။
3. ကျွန်ုပ်တို့၏ပန်းတိုင်သည် သန့်ရှင်းခြင်း သို့မဟုတ် ဝိညာဉ်ရေးရာ သို့မဟုတ် အောင်မြင်ခြင်း ဖြစ်ကောင်းဖြစ်ပေမည်၊ သို့သော် ဘုရားသခင်၏ပန်းတိုင်မှာမူ ကျွန်ုပ်တို့အား ဘုန်းတော်နှင့် ပြည့်ဝစေခြင်းငှာ ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင်ကို လုပ်ဆောင်ရန် ဖြစ်သည်။ မကြာခဏ ကျွန်ုပ်တို့သည် ခက်ခဲသောအခြေအနေတွင် ရှိနေကြသောအခါ ကျွန်ုပ်

တို့သည် သခင်ဘုရားထံပို၍ ဖွင့်ပေးခြင်းရှိလျက် ကိုယ်တော်ထံ လှည့်ပြန်လာရန် ပို၍လိုလားကြပြီး ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင်ကို လုပ်ဆောင်ရန် အခွင့်ပေးကြသည်- အငယ်၊ ၂၈-၂၉။ ၈၊ ၅း၂၇။

4. ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရှာဖွေကြမည်ဆိုပါက အပြစ်နှင့်ပြည့်ဝနေသော အသွေးအသားခြံဝင်းသည်ပင်လျှင် သခင်ဘုရားကို ရယူရာ၌ ကျွန်ုပ်တို့အဖို့ အကူအညီဖြစ်လာလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မကြာခဏ ကျရှုံးကြသောကြောင့်၊ ဝိညာဉ်ထံသို့ လှည့်ပြန်လာရန် ကျွန်ုပ်တို့စိတ်အားထက်သန်ကြပြီး၊ ဤနည်းဖြင့် ဝိညာဉ်တော်ကို ကျွန်ုပ်တို့ပိုမို အမြတ်ရယူကြသည် - ညွှန်း၊ ထွ၊ ၂၃း ၂၃၊ ၂၉-၃၀။ သူကြီး၊ ၂း၂၁-၃း၄။

5. ကျွန်ုပ်တို့၏ အခက်အခဲများ၊ ရှုံးနိမ့်ခြင်းများ၊ ကျရှုံးခြင်းများနှင့် စိတ်ပျက်ခြင်းများက အသွေးအသား၌ မျှော်လင့်ချက်မရှိကြောင်း နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့အား တွန်းအားပေးသည်။ အသွေးအသားသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသော ခရစ်တော်ထံသို့ လှည့်ပြန်ခြင်းငှာ ဖိအားပေးရန်၊ ဝိညာဉ်အထဲသို့ ကျွန်ုပ်တို့ကို တွန်းပို့ရန်၊ ဝိညာဉ်အထဲသို့ ဝင်ရောက်ခြင်းငှာ ကျွန်ုပ်တို့ စိတ်အားထက်သန်စေရန်နှင့် ဝိညာဉ်၌ နေရန် သတိရှိစေခြင်းအတွက်သာလျှင် ကောင်းမွန်ပေသည်- မ၊ ၂၆း၄၁။ ၈၊၆း၁၇-၁၈။

6. သခင်ဘုရားသည် ကျွန်ုပ်တို့၌ အောင်မြင်ခြင်း ရှိမရှိကို ဂရုမစိုက်ပေ။ သခင်ဘုရားသည် တစ်ခုတည်းသောအရာ - ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်ပေါ်တွင် ထားရှိခြင်းအားဖြင့် ဝိညာဉ်တော်ဖြစ်သော ခရစ်တော်ကို ကျွန်ုပ်တို့ အမြတ်ရယူခြင်း - ကိုသာလျှင် ဂရုစိုက်တော်မူသည် - ဖိ၊၃း၈။ ၂ကော၊၃း၁၇-၁၈။ ရော၊၈း၆။

## III. ရောမ ၅ တွင်  ကျွန်ုပ်တို့သည် အာဒံ၌ ရှိကြပြီး၊ ရောမ ၆ တွင် ခရစ်တော်၌ ရှိကြကာ၊ ရောမ ၇ တွင် အသွေးအသား၌နှင့် ရောမ ၈ တွင် ဝိညာဉ်၌ ရှိကြသည်။ အခန်းကြီး ၅ ရှိ အာဒံကို အခန်းကြီး ၇ ရှိအသွေးအသား၌ တွေ့ကြုံခံစားရပြီး၊ အခန်းကြီး ၆ ရှိ ခရစ်တော်ကို အခန်းကြီး ၈ ရှိ ဝိညာဉ်၌ တွေ့ကြုံခံစားရသည်။

A. ခရစ်တော်၌ရှိကြသော ကျွန်ုပ်တို့ယုံကြည်သူများတွင် ခရစ်တော်၏ သေခြင်းမှတဆင့် အာဒံထံမှလည်းကောင်း၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းမှတဆင့် ခရစ်တော်အထဲသို့လည်းကောင်း အမှန်အကန်နှင့် အနေအထားဆိုင်ရာ ကူးပြောင်းခြင်းရှိကြပြီဖြစ်သည် - ၆း၃-၈။

1. အာဒံ၌ ကျွန်ုပ်တို့သည် အပြစ်ကိုအမွေခံကြရပြီး၊ ၎င်းသည် ကျွန်ုပ်တို့ကို အပြစ်သားများအဖြစ် စေ့စပ်ထုံးဖွဲ့စေသည် (၅း၁၂က၊ ၁၉က)။ ကျွန်ုပ်တို့သည် သေခြင်းကို အမွေခံကြသောအခါ တစ်ဖက်တွင် ထိုသေခြင်းသည် ကျွန်ုပ်တို့ကို အားနည်းဆုတ်ယုတ်စေပြီး ဘုရားသခင်နှစ်သက်သောအရာများကို မလုပ်ဆောင်နိုင်ရန် ဖြစ်စေကာ၊ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့အပေါ်တွင် အုပ်စိုးလျက်ရှိသည် (အငယ်၊ ၁၂ခ၊ ၁၄က၊ ၁၇က)။ ကျွန်ုပ်တို့သည် သေခြင်းသို့တိုင်အောင် ပညတ်တရားအောက်၌ စီရင်ခြင်းကို အမွေခံရကြသည် (အငယ်၊ ၁၆က)။

2. ခရစ်တော်၌ ကျွန်ုပ်တို့သည် အသက်သို့ပို့ဆောင်သော ကျေးဇူးတော်အောက်၌ ဖြောင့်မတ်ခြင်း၊ အသက်နှင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းအခွင့် ဆုကျေးဇူးကို ရရှိကြပြီဖြစ်သည်၊ ထိုအသက်၌ ကျွန်ုပ်တို့သည် ကျေးဇူးတော်နှင့်အတူ အရာခပ်သိမ်းအပေါ် အစိုးရကြသည် - အငယ်၊ ၁၇ခ၊ ၁၈ခ၊ ၂၁။

B. ခရစ်တော်၌ရှိသော ကျွန်ုပ်တို့ယုံကြည်သူများတွင် ခရစ်တော်နှင့်အတူ ကားတိုင်မှာအသေခံခြင်းမှတဆင့် (၆း၆။ ဂလ၊ ၂း၂၀) အသွေးအသား(လက်တွေ့ဆိုင်ရာနှင့် အတွေ့အကြုံဆိုင်ရာ အာဒံ) မှ အသက်၏ဝိညာဉ်တော်တရား (ရော၊၈း၂၊ ၁၆က။ ၁ကော၊၆း၁၇) ဖြစ်သော ခရစ်တော်နှင့်အတူ အသက်ဆိုင်ရာ ပေါင်းစည်းခြင်းမှတဆင့် ဝိညာဉ်တော် (လက်တွေ့ဆိုင်ရာနှင့် အတွေ့အကြုံဆိုင်ရာ ခရစ်တော်)  အထဲသို့ လက်တွေ့ဆိုင်ရာနှင့် အတွေ့အကြုံဆိုင်ရာ ကူးပြောင်းခြင်းရှိပြီဖြစ်သည်။

C. ခရစ်တော်ကိုယ်တော်တိုင်သည် ဘုရားသခင်၏အသက်၊ ထာဝရအသက် (ယော၊၁၄း၆က။ ၁၁း၂၅။ ၁ယော၊၁း၂) ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ အသက်ကို ရရှိမျှမက၊ အသက်နှင့် ကြွယ်ဝပြည့်စုံခြင်းငှာ ကြွလာခဲ့သည် (ယော၊၁၀း၁၀ခ)။ ကိုယ်တော်သည် အသက်၏ဝိညာဉ်တော်တရားဖြစ်သော (ရော၊ ၈း၂) အသက်ပေးသောဝိညာဉ်တော်ဖြစ်လာရန် (၁ကော၊ ၁၅း၄၅ခ) အသက်-လွတ်မြောက်စေသော သေခြင်းဖြင့် အသေခံ၍၊ အသက်-ဝေငှဖြန့်ဖြူးပေးသော ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်ခဲ့ကာ (၁၂း၂၄)၊ ကျွန်ုပ်တို့၏ဝိညာဉ်၊ ကျွန်ုပ်တို့၏အသိဉာဏ်နှင့် ကျွန်ုပ်တို့၏သေတတ်သော ကိုယ်ခန္ဓာ

အား အသက်ကို ပေးတော်မူသည်၊ သို့မှသာ ကျွန်ုပ်တို့သည် အခြားသူများထံသို့ အသက်ကို အမှုဆောင်ရန် အသက်ဖြင့် ဝါးမျိုခြင်းခံရသူများ ဖြစ်နိုင်ပေမည် (အငယ်၊ ၁၀၊ ၆၊ ၁၁။ ၂ကော၊ ၅း၄။ ၁ယော၊ ၅း၁၆က။ ယော၊ ၆း၆၃။ တ၊ ၅း၂၀)။

**IV. ကျွန်ုပ်တို့အဖို့အသက်၏လမ်းကြောင်းပေါ်တွင် ရှိနေရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း၏နည်းလမ်းကို ယူဆောင်ကြရမည်ဖြစ်သည်- အောက်ဖော်ပြပါ ညီအစ်ကိုလီထံမှ အရေးကြီးသော မိတ်သဟာယဖွဲ့ခြင်းကို ကြည့်ပါ။**

## ခရစ်တော်ကို အသက်ပင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း၏နည်းလမ်းကို ယူဆောင်ခြင်း - ညီအစ်ကိုလီထံမှ အရေးကြီးသောမိတ်သဟာယဖွဲ့ခြင်း

**"၁၉၄၃ ခုနှစ် မေလတွင်၊ ကျွန်ုပ်သည် ပြင်းထန်တီဘီရောဂါ ကူးစက်ခြင်းခံခဲ့ရသည်. . .။ ကျွန်ုပ်သည် ဖျားနာနေသည့် နှစ်နှစ်ခွဲကာလ အတွင်းတွင် အသက်ပင်ကို မြင်ခဲ့သည်။ ထိုနှစ်နှစ်ခွဲအတွင်းတွင် ကျွန်ုပ်မြင်ခဲ့သည်မှာ သခင်ဘုရား၏ပြန်လည်ရယူခြင်းနှင့် ကိုယ်တော်၏ အမှုတော်၌ ကျွန်ုပ်တို့သည် အသက်ချို့တဲ့နေကြောင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပြဿနာတိုင်းသည် အသက်ပြတ်လပ်မှု၏ ရလဒ်ပင် ဖြစ်သည်။ ဤအရာကို ကျွန်ုပ်မြင်တွေ့သောအခါ၊ ကျွန်ုပ်အလွန်ပင် နောင်တရခဲ့ပါသည်။ ကျွန်ုပ်သည် များစွာ ဝန်ချတောင်းပန်ကာ သခင်ဘုရားရှေ့တော်၌ အကုန်အစင် နောင်တရခြင်းရှိ၍ ကိုယ်တော်၏ရှေ့မှောက်တွင် ဆက်ဆံဖြေရှင်းခြင်းများစွာလည်းရှိခဲ့သည်...။ အသက်ပင်နှင့်စပ်ဆိုင်သော ဝေငှချက်သည် သန့်ရှင်းသူများစွာကို ကယ်တင်ခဲ့ပြီး နန်ကင်း၌ရှိသော ညီအစ်ကို ညီအစ်မများစွာကို လွတ်မြောက်စေခဲ့သည်။ ရှန်ဟိုင်းမြို့၌ရှိသော အသင်းတော်တွင် လေးနှစ်တာကာလ ဝရုန်းသုန်းကားဖြစ်ခြင်းကြောင့်၊ သန့်ရှင်းသူများသည် နှစ်အတော်ကြာ စိတ်ပျက်အားငယ်ခဲ့ကြကာ မည်သည့်အရာကိုမျှ မလုပ်ဆောင်နိုင်ခဲ့ကြပေ။ ဤဝေငှချက်များသည် သူတို့၏ ဝိညာဉ်များကို လွတ်မြောက်စေခဲ့ပြီး သူတို့၏စိတ်နှလုံးများကို အလင်း ထွန်းလင်းပေးခဲ့သည်...။ သခင်ဘုရားကို ကျွန်ုပ်ကျေးဇူးတင်ပါသည်၊ အသက်ပင်နှင့် ပတ်သက်သော ဝေငှချက်များမှတဆင့် ရှန်ဟိုင်းမြို့၌ရှိသောအသင်းတော်သည် ကုသပေးခြင်းခံခဲ့ရသည်...။ အသက်ပင်နှင့်ပတ်သက်သော ဝေငှချက်များသည် ရှန်ဟိုင်းမြို့၌ရှိသောအသင်းတော်၏ ပြန်လည်နိုးကြားလာခြင်းအတွက် အုတ်မြစ်ချပေးခဲ့သည်"—*The History and Revelation of the Lord's Recovery,* vol. 1, pp. 130, 133, 135, 138.**

**"ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်း နည်းလမ်းကို ယူဆောင်လိုကြပါက၊ ကျွန်ုပ်တို့၌ ခံယူချက် ပြောင်းလဲရမည် ဖြစ်သည်...။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၏ စစ်မှန်ခြင်းအထဲသို့ ဝင်ရောက်သွားလိုကြပါက၊ ထိန်းချုပ်နေသော ရူပါရုံကို ကျွန်ုပ်တို့မြင်ရမည်ဖြစ်သည်...။ ကျွန်ုပ်အသက်လေးဆယ်မတိုင်ခင်အထိ သခင်ဘုရားသည် သူ့ကိုမွေ့လျော်ဝမ်းမြောက်ခြင်း နည်းလမ်းအား ကျွန်ုပ်ထံသို့ မဖွင့်ပြပေးခဲ့သေးပါ။ ကျွန်ုပ်သည် အနှစ်နှစ်ဆယ်ကြာမျှ ကျွန်ုပ်၏အချိန်နှင့် စွမ်းအင်များကို ဖြုန်းတီးခဲ့ခြင်းအတွက် စိတ်ပျက်မိပါသည်။ ကျွန်ုပ်၏ဆုတောင်းချက်များစွာသည် တန်ဖိုးမရှိခဲ့ပါ။ သမ္မာကျမ်းစာဖတ်ခြင်းနှင့် အခြားဝိညာဉ်ရေးရာစာစောင်များ ဖတ်ရှုခြင်းအတွက် ကျွန်ုပ်အသုံးပြုခဲ့သောအချိန်သည်လည်း တန်ဖိုးမရှိခဲ့ပါ။ ထိုအခါတွင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုနည်းလမ်းသည် မှားယွင်းနေပြီး၊ ကျွန်ုပ်တို့ဝိညာဉ်ရေးရာ လိုက်လျှောက်ခြင်းနည်းလမ်းသည်လည်း မှားယွင်းနေကြောင်း ကျွန်ုပ်နားလည်သဘောပေါက်ခဲ့သည်။**

**"ကျွန်ုပ်သည် မှားယွင်းသောလမ်းကို ယူဆောင်ခြင်းဖြင့် ကြီးမားသော ဆုံးရှုံးမှုကို ခံစားခဲ့ရသောကြောင့်၊ အခြားသူများအား တူညီသောအမှားကို ထပ်မံ၍ မလုပ်စေလိုပေ။ အခြားသူများသည် ဘုရားသခင်ကိုမွေ့လျော်ဝမ်းမြောက်ခြင်း၏နည်းလမ်းကို ယူဆောင်နိုင်ကြရန် ကျွန်ုပ်မျှော်လင့်ပါသည်။ ကျွန်ုပ်သည် သန့်ရှင်းသူများအား မှားယွင်းသောလမ်းကို မယူဆောင်ကြတော့ပါရန် အနူးအညွတ်ပန်ကြားလိုပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယခင်က လိုက်လျှောက်ကြခြင်း၏နည်းလမ်းကို ဆင်ခြင်သင့်ပါသည်။ ကျွန်ုပ်တို့သည် အယူအဆကို ထိရောက်စွာပြောင်းလဲရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ထိန်းချုပ်ပေးသောရူပါရုံ ရှိရန် လိုအပ်သည်"—*The Vision of the Tree of Life and the Tree of the Knowledge of Good and Evil,* p. 51.**

*© 2025 Living Stream Ministry*

Message Two

## ကျွန်ုပ်တို့အား ဖြောင့်မတ်ရာသို့ရောက်စေခြင်း၏ရလဒ် - ကျွန်ုပ်တို့၏အသက်အဖြစ် ခရစ်တော်၌ရှိသော ဘုရားသခင်ကို အပြည့်အဝမွေ့လျော်ဝမ်းမြောက်ရခြင်း

ဖတ်ရန်ကျမ်း။ ။ ရော၊၅း၁-၁၁

**I. ဖြောင့်မတ်ရာသို့ ရောက်စေခြင်းသည် ကိုယ်တော်၏ဖြောင့်မတ်ခြင်းစံနှုန်းအတိုင်း ကျွန်ုပ်တို့ကို လက်ခံသည့် ဘုရားသခင်၏ လုပ်ဆောင်ချက် ဖြစ်သည်။ ယုံကြည်သူများ၏ဖြောင့်မတ်ခြင်းသည် သူတို့ကိုယ်တိုင်ပိုင်ဆိုင်ထားသည့် အခြေအနေမဟုတ်ဘဲ၊ သူတို့နှင့် ပေါင်းစည်းဆက်နွယ်ထားသည့်ပုဂ္ဂိုလ် အသက်ရှင်သောခရစ်တော်ကိုယ်တော်တိုင် ဖြစ်သည်။**

A. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ယုံကြည်သောအခါ၊ ဘုရားသခင်၏ အပြစ်ခွင့်လွှတ်ခြင်းကို လက်ခံရရှိကြပြီး (တ၊ ၁၀း၄၃)၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖြောင့်မတ်ရာသို့ ရောက်ရှိစေနိုင်သည် (ရော၊၃း၂၄၊၂၆)။ ယင်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဖြစ်စေခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းဝတ်လုံဖြစ်သည့် ခရစ်တော်ဖြင့် ကျွန်ုပ်တို့ကို ဝတ်ဆင်စေခြင်းအားဖြင့်လည်းကောင်း ဖြစ်သည် (ဟေရှာ၊၆၁း၁၀။ လု၊၁၅း၂၂။ ယေ၊၂၃း၆။ ၁ကော၊၁း၃၀)။

B. အသက်သည် ဘုရားသခင်၏ ကယ်တင်ခြင်းပန်းတိုင် ဖြစ်သည်။ ထို့ကြောင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် "အသက်၏"အရာ ဖြစ်သည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းစံနှုန်းသို့ ရောက်ရှိလာပြီး၊ ၎င်းနှင့်ကိုက်ညီမှုရှိသောကြောင့် ယခု ကိုယ်တော်သည် သူ၏အသက်ကို ကျွန်ုပ်တို့အထဲသို့ ပေးဝေနိုင်သည် - ရော၊၅း၁၈။

**II. ကျွန်ုပ်တို့ဖြောင့်မတ်ရာသို့ ရောက်ခြင်း၏ရလဒ်မှာ ကျွန်ုပ်တို့၏အသက်အဖြစ် ခရစ်တော်၌ ရှိသော ဘုရားသခင်ကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ရခြင်း ဖြစ်သည် - အငယ်၊၁-၁၁။**

A. ကျွန်ုပ်တို့ဖြောင့်မတ်ရာသို့ ရောက်ခြင်း၏ ရလဒ်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အံ့သြဖွယ်အရာ ခြောက်ခု - ချစ်ခြင်းမေတ္တာ (အငယ်၊ ၅)၊ ကျေးဇူးတော် (အငယ်၊၂)၊ ငြိမ်သက်ခြင်း (အငယ်၊၁)၊ မျှော်လင့်ခြင်း (အငယ်၊၂)၊ အသက် (အငယ်၊၁၀)နှင့် ဘုန်းတော် (အငယ်၊၂) တို့တွင် ထင်ရှားပေါ်လာသည်။ ဤကျမ်းပိုဒ်များသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်း အတွက် သုံးပါးတစ်ပါးဘုရား - သန့်ရှင်းသောဝိညာဉ်တော် (အငယ်၊၅)၊ ခရစ်တော် (အငယ်၊၆) နှင့် ဘုရားသခင် (အငယ်၊ ၁၁) ကိုလည်း ဖွင့်ပြထားသည်။

B. ခရစ်တော်၏ရွေးနုတ်သောအသေခံခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်သားများကို ဖြောင့်မတ်ရာသို့ ရောက်စေတော်မူ၍၊ ကိုယ်တော်၏ရန်သူများဖြစ်သော ကျွန်ုပ်တို့ကို သူကိုယ်တော်တိုင်သို့ ပြန်လည်သင့်မြတ်စေခဲ့သည် (အငယ်၊ ၁၊ ၁၀-၁၁)။ ထို့အပြင် "ငါတို့အား ပေးထားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့ စိတ်နှလုံး၌ သွန်းလောင်းတော်မူပြီ" (အငယ်၊၅)။

1. ကျွန်ုပ်တို့သည် ဖိစီးခြင်း၊ အားနည်းခြင်းနှင့် ဝမ်းနည်းညှိုးငယ်ခြင်းရှိနိုင်သော်လည်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အတွင်း၌ ရှိနေကြောင်းကို ကျွန်ုပ်တို့ မငြင်းနိုင်ပါ။ ခရစ်တော် ကိုယ်တော်တိုင်ဖြစ်သော အသက်၏ လမ်းကြောင်း၌ ရှိနေနိုင်ရန်အတွက် (ယော၊၁၄း၆က)၊ ကျွန်ုပ်တို့သည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သည့် (၁ယော၊ ၄း၈၊ ၁၆) ဘုရားသခင်၏မေတ္တာတော်၌ ကိုယ့်ကိုယ်ကို စောင့်ထိန်းရန် လိုအပ်သည် (ယုဒ ၂၀-၂၁)။

2. ကျွန်ုပ်တို့သည် ဘုရားသခင်-ပေးအပ်ထားသည့် ကျွန်ုပ်တို့၏ချစ်တတ်သောဝိညာဉ်ကို တောက်လောင်မည့်အကြောင်း လှုံ့ဆော်ရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ယနေ့ အသင်းတော်၏ယိုယွင်းကျဆင်းခြင်းကို အောင်မြင်ရန် တောက်လောင်နေသည့် ချစ်တတ်သော ဝိညာဉ် ရှိနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ် တောက်လောင်မည့် အကြောင်း လှုံ့ဆော်ရန် ဟူသည်မှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိသောဝိညာဉ်တော်တည်းဟူသော သခင်ဘုရားနှင့် ဆက်သွယ်ခြင်း၌ အမြဲရှိနေခြင်းဟာ ကျွန်ုပ်တို့၏ဝိညာဉ်ကို အဆက်မပြတ် လေ့ကျင့်သည့် အလေ့အထကို တည်ဆောက်ရန် ဖြစ်သည်-၂တိ၊၁း၆-၇။ ၄း၂၂။

C. "ဤကျေးဇူးတော်ကို ခံစားရသည်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍၊ ထိုကျေးဇူးတော်၌ ငါတို့သည် ရပ်တည်ကြ၏" (ရော၊ ၅း၂)။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြပြီး၊ ကျေးဇူးတော်၏နယ်ပယ်၌ ရပ်တည်နေကြသောကြောင့် "ငါတို့သည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ထံသို့ ငြိမ်သက်ခြင်းကို ရရှိကြ၏" (အငယ်၊၁)။

1. ဘုရားသခင် "ထံသို့" ငြိမ်သက်ခြင်း ရှိခြင်း ဆိုသည်မှာ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းမှတစ်ဆင့် ဘုရား သခင်အထဲသို့ ကျွန်ုပ်တို့၏ခရီးသည် မပြီးဆုံးသေးဘဲ၊ ကျွန်ုပ်တို့သည် ဘုရားသခင်အထဲသို့ သွားရာလမ်းတွင် ရှိနေဆဲ ဖြစ်ကြောင်း ဆိုလိုသည်။ လုကာ၊၇ အရ ကယ်တင်ခံရခြင်းဌာ များစွာသောအပြစ်တို့နှင့် လွတ်သည်ဖြစ်၍ "များစွာ ချစ်တတ်"သောသူ အပြစ်ပြည့်ဝသောမိန်းမအား (အငယ်၊၄၇-၄၈) သခင်ယေရှုက "ငြိမ်သက်ခြင်းအထဲသို့ သွား" ရန် မိန့်တော်မူခဲ့သည် (အငယ်၊၅၀၊ တိုက်ရိုက်အနက်)။

2. ကျွန်ုပ်တို့သည် ဖြောင့်မတ်ရာသို့ရောက်ခြင်း၏ တံခါးကို ဖြတ်ကျော်လိုက်သည်နှင့်တပြိုင်နက်၊ ကျွန်ုပ်တို့သည် ငြိမ်သက်ခြင်း၏လမ်းတွင် လျှောက်လှမ်းရန် လိုအပ်သည် (ရော၊၃း၁၇)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ဂရုစိုက်ခြင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အသုံးပြုခြင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို အာရုံစိုက်ခြင်း၊ ဘုရားသခင်၏ဝိညာဉ်တော်နှင့် အတူ မျှဝေခံစားခြင်း၌ ကျွန်ုပ်တို့၏ဝိညာဉ်ဖြင့် ဘုရားသခင်ကို ဆက်သွယ်ခြင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ လျှောက်လှမ်းခြင်းနှင့် အသက်ရှင်ခြင်းအားဖြင့် အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိသောအခါ - ကျွန်ုပ်တို့၏ အသိဉာဏ်သည် ငြိမ်သက်ခြင်းဖြစ်လာပြီး၊ ကျွန်ုပ်တို့အား နားခိုခြင်း၊ လွတ်မြောက်ခြင်း၊ တောက်ပခြင်းနှင့် သက်သာခြင်း တည်းဟူသော အတွင်းခံစားချက်ကို ပေးသည် (၈း၆)။

**III. ကျေးဇူးတော်၏နယ်ပယ်၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ရှင်လန်းခြင်းအတွက် ကျွန်ုပ်တို့၏ဝါကြွားခြင်းနှင့် ရှင်မြူးခြင်းအဖြစ် ဘုရားသခင်ကို ရရှိထားသည်။ ဘုရားသခင်၌ ဝါကြွားခြင်း ဆိုသည်မှာ "ကျွန်ုပ်တို့၏ ဘေးဒုက္ခများ၌ ဝါကြွားခြင်းလည်း ဖြစ်သည်။ အကြောင်းမူကား၊ ဘေးဒုက္ခသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည် သက်သေထင်ရှားခြင်းကို ပြုစုတတ်၏။ သက်သေထင်ရှားခြင်းသည်လည်း မျှော်လင့်ခြင်းကို ပြုစုတတ်၏"-၅း၃-၄၊ ၁၁။**

A. ဘေးဒုက္ခသည် အမှန်စင်စစ် ကျေးဇူးတော်၏လှူဒါန်းခံခြင်းနှင့် ကျေးဇူးတော်၏ချိုမြိန်သော အကြည့်အရှုကြွလာခြင်း ဖြစ်သည်။ ဘေးဒုက္ခကို ငြင်းပယ်ခြင်းသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကျွန်ုပ်တို့၏ ဝေစုတည်းဟူသော ဘုရားသခင်ဖြစ်တော်မူသည့် ကျေးဇူးတော်ကို ငြင်းပယ်ခြင်းဖြစ်သည်။ ကျေးဇူးတော်သည် အဓိကအားဖြင့် ဘေးဒုက္ခ၏ပုံစံ၌ ကျွန်ုပ်တို့ထံ လာရောက်လည်ပတ်သည်။ ထိုသို့အားဖြင့် ဘုရားသခင်သည် ခပ်သိမ်းသောအရာ (လူပုဂ္ဂိုလ်အားလုံး၊ အကြောင်းအရာအားလုံး၊ အလုပ်အကိုင်အားလုံး၊ အခြေအနေအားလုံးနှင့် ပတ်ဝန်းကျင်အားလုံး) တို့အား ကျွန်ုပ်တို့ ခရစ်တော်ကို ပိုမိုအမြတ်ရရှိနိုင်ရန်၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ကိုယ်တော့်ကို ပိုမိုဆောင်သွင်းရန် ကောင်းကျိုးအတွက် အတူတကွ လုပ်ဆောင်စေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဇီဝတွင်းဖြစ်ပျက်မှုအရ ပုံသဏ္ဌာန်ပြောင်းလဲပြီး၊ ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာကာ၊ ပြည့်ဝသော သားအရာအထဲသို့ ခေါ်ဆောင်ခံရနိုင်မည်ဖြစ်သည်-၂ကော၊၁၂း၇-၉။ ရော၊၈း၂၈-၂၉။

B. ဘေးဒုက္ခသည် သည်းခံခြင်းကို ထွက်ပေါ်စေသည်၊ သည်းခံခြင်းသည် သက်သေထင်ရှားခြင်းကို ပြုစုတတ်သည်၊ ယင်းမှာ စမ်းသပ်စစ်ဆေးခံပြီးသော ဝိသေသလက္ခဏာနှင့် အသိအမှတ်ပြုခံရသော တန်ဖိုးရှိမှုဖြစ်သည် (ဖိ၊၂း၁၉-၂၂)။ ပေါလုက သူနှင့် သူ၏လုပ်ဖော်ဆောင်ဖက်တို့သည် "ဧဝံဂေလိတရားကို လွှဲအပ်ခြင်း ခံထိုက်သောသူဟူ၍ ဘုရားသခင်လက်ခံတော်မူခြင်း" ကို ခံရသောသူများဖြစ်ကြောင်း ပြောဆိုထားသည် (၁သက်၊၂း၄)။ သူတို့၏ ဧဝံဂေလိတရားဟောပြောခြင်းသည် လူတို့ကို နှစ်သက်စေရန် သူတို့ကိုယ်တိုင်၏အရာမဟုတ်ဘဲ၊ ဘုရားသခင်ကို နှစ်သက်စေရန် ဘုရားသခင်၏အရာ ဖြစ်မည်အကြောင်း ဘုရားသခင်သည် သူတို့၏စိတ်နှလုံးကို စဉ်ဆက်မပြတ် စစ်ကြောစုံစမ်း၍ စမ်းသပ်၊ စစ်ဆေးခဲ့သည်။

1. ၁ပေ၊၁း၇ တွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စုံစမ်းစစ်ဆေးခြင်းသည် "ပျက်စီးတတ်သောရွှေကို မီးဖြင့် စုံစမ်းစစ်ဆေးခြင်းထက် သာ၍မြတ်သည်"ဟု ပြောဆိုထားသည်။ ထိုမီးမှာ စမ်းသပ်စစ်ဆေးခြင်းများနှင့် ဆင်းရဲဒုက္ခများ၏ မီးဖြစ်သည်။ အရိုင်းတုံးအဖြစ် ရှိနေသေးသော ရွှေသည် သန့်ရှင်းစေသောမီး၏လောင်ကျွမ်းခြင်းဒုက္ခကို ခံစားရသောအခါ၊ ၎င်းသည် လူတိုင်းအလွယ်တကူ နှစ်သက်လက်ခံနိုင်သည့် အရည်အသွေးကို ရရှိသည်-မာလ၊၃း၃။

2. သခင်ဘုရားသည် ကျွန်ုပ်တို့အား မီးနှင့်တူသောစမ်းသပ်စစ်ဆေးခြင်းများအားဖြင့် ကိုယ်တော့်ကို ရွှေရောင်လွှမ်းသော ယုံကြည်ခြင်း အဖြစ် အဖိုးအခပေး၍ အမြတ်ရယူစေရန် အလိုရှိသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ဘုရားသဘောသဘာဝပါရှိသည့် ဘုရားအသက်တည်းဟူသော ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည့် စစ်မှန်သောရွှေ၌ ပါဝင်ဆက်ဆံနိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ရွှေရောင်လွှမ်းသော ယေရုရှလင်မြို့သစ်တည်ဆောက်ခြင်းအတွက် စင်ကြယ်သောရွှေမီးခုံတိုင် ဖြစ်လာနိုင်ကြမည်ဖြစ်သည်- ဗျာ၊၃း၁၈။ ၁း၂၀။ ၂၁း၁၈၊၂၃။ ၂ပေ၊၁း၄။
3. သခင်ဘုရားကို ချစ်သော သန့်ရှင်းသူအချို့တို့က သူတို့၌ အသက်နှင့် အလင်း၏ပမာဏအချို့ရှိသောကြောင့် သူတို့သည် သခင်ဘုရားအတွက် အလုပ်လုပ်ရန် သင့်တော်သည်ဟု စဉ်းစားကြသည်၊ သို့သော် သူတို့သည် အရိုင်းတုံးသက်သက်ဖြစ်ပြီး၊ သက်သေထင်ရှားသည့် အရည်အသွေး၊ ဘေးဒုက္ခနှင့် စစ်ဆေးခြင်းကို သည်းခံခြင်းမှ ထွက်ပေါ်လာသည့် သိမှတ်လက်ခံခြင်းခံရသည့် အရည်အသွေးကင်းမဲ့နေသည်။ ဤအရည်အသွေးသည် အမှုဆောင်ခြင်းခံရသောလူတို့အား ပျော်ရွှင်ခြင်း၊ ချို့မြိန်ခြင်းနှင့် သက်သောင့်သက်သာဖြစ်ခြင်းကို ခံစားရစေသည်။
4. ကျွန်ုပ်တို့အားလုံးသည် "သခင်ဘုရား၊ ကျွန်ုပ်အား သက်သေထင်ရှားခြင်းကို ပေးတော်မူပါ"ဟု ဆုတောင်းကြရမည်။ ထိုအခါ သခင်ဘုရားသည် ကျွန်ုပ်တို့အတွက် သက်သေထင်ရှားခြင်းကို ပြုစုထွက်ပေါ်စေမည့် အခြေအနေများကို ဖြစ်ပေါ်စေမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကျွန်များ ဖြစ်ကြသော်လည်း၊ ကျွန်ုပ်တို့သည် သက်သေထင်ရှားခြင်းကင်းမဲ့နေကြသည်။ ၎င်းသည် ဘုရားသခင်ကို နှောင့်ယှက်၍၊ ကျွန်ုပ်တို့ကို ပျက်စီးစေကာ၊ သန့်ရှင်းသူများနှင့် ဘုရားသခင်၏အိမ်တော်ကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။ ကျွန်ုပ်တို့၏အလင်းနှင့် ကျွန်ုပ်တို့၏ဆုကျေးဇူးအားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းသူများကို ကူညီမစကြသော်လည်း၊ ကျွန်ုပ်တို့သည် သက်သေထင်ရှားခြင်း ကင်းမဲ့နေသောကြောင့် ကျွန်ုပ်တို့သည် သူတို့ကို ထိခိုက်နာကျင်စေပါသည်-မ၊၂၄း၄၅-၅၁။

C. သက်သေထင်ရှားခြင်းနှင့်အတူ ကျွန်ုပ်တို့တွင် မျှော်လင့်ခြင်းရှိပြီး (ရော၊၅း၄)၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်ကို မျှော်လင့်ခြင်းအကြောင်းကြောင့် ဝါကြွားကြ၏ (အငယ်၊၂)။
1. ကျွန်ုပ်တို့သည် ကျေးဇူးတော်၌ ရပ်တည်ပြီး၊ ငြိမ်သက်ခြင်း၌ လျှောက်လှမ်းကြသော်လည်း၊ ကျွန်ုပ်တို့သည် ဘုရားသခင် ကိုယ်တော်တိုင်၏ထင်ရှားခြင်းဖြစ်သည့် ဘုန်းတော်၌ အပြည့်အဝ မရှိကြသေးပါ။ "ယခုခဏခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက်အလွန် ထာဝရလေးလံသော ဘုန်းအသရေကို ငါတို့အဖို့ ဖြစ်စေတတ်၏" - ၂ကော၊၄း၁၇။
2. ခပ်သိမ်းသောကျေးဇူးတော်၏ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်ယေရှု၌ ကိုယ်တော်၏ထာဝရဘုန်းတော်အထဲသို့ ခေါ်သွင်းတော်မူသည်။ ဤနေရာ၌ ယခု ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ဘုန်းမျှော်လင့်ရာအဖြစ် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိန်းဝပ်နေသည့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နေကြသည် - ၁ပေ၊၅း၁၀။ ၁သက်၊၂း၁၂။ ကော၊၁း၂၇။ ဖိ၊၃း၂၁။
3. သခင်ဘုရားသည် များစွာသောသားများဖြစ်သည့် ကျွန်ုပ်တို့ကို နေ့စဉ်သန့်ရှင်းစင်ကြယ်စေခြင်းအားဖြင့် ဘုန်းတော်အထဲသို့ ဦးဆောင်ပေးနေပြီး(ဟေဗြဲ၊၂း၁၀-၁၁)၊ ကျွန်ုပ်တို့သည် ယေရှုခရစ်၏မျက်နှာ၌ ရှိသော ဘုရားသခင်၏ဘုန်းတော်ကို ကြည့်ရှုရန် မိမိတို့၏စိတ်နှလုံးကို သခင်ဘုရားထံ အမြဲတစေ လှည့်ပြန်ခြင်းအားဖြင့် ဘုန်းတော်၏အဆင့်ဒီဂရီ တစ်ခုမှ အခြားတစ်ခုသို့ နေ့စဉ် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရသည် (၂ကော၊၃း၁၆-၁၈။ ၄း၆ခ)။

D. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခများ၌ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်နေကြသောကြောင့်၊ ဘုရားသခင်၏ ဒိုင်းနမိုက်ကယ်တင်ခြင်း၏ရှင်သန်သောပန်းတိုင် ပြည့်စုံခြင်းအတွက် ကိုယ်တော်၏အသက်၌ ကယ်တင်ခံရကြသည်၊ ထိုပန်းတိုင်မှာ ဒေသန္တရအသင်းတော်များ၌ ထင်ရှားသည့် ခရစ်တော်၏ရှင်သန်သောကိုယ်ခန္ဓာတော် ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းဖြစ်သည်။ ယင်းသည် ကျွန်ုပ်တို့က သခင်ဘုရား၏ကြွယ်ဝသောကျေးဇူးတော်ကို မွေ့လျော်ဝမ်းမြောက်ရသောနေရာ၊ ငြိမ်သက်ခြင်း၏ဘုရားသခင်က ကိုယ်တော်၏ဘုန်းတော်ထင်ရှားခြင်းအတွက်နှင့် ကိုယ်တော်၏ အောင်ပွဲကို ပြသခြင်းအတွက် စာတန်ကို ကျွန်ုပ်တို့၏ခြေအောက်၌ နင်းခြေနှိပ်စက်သောနေရာဖြစ်သည် - ရော၊၅း၁၀။ ၁၂း၅။ ၁၆း၁၊ ၄-၅၊ ၁၆၊ ၂၀။

© 2025 Living Stream Ministry

Message Three

## ခရစ်တော်၏ အသေခံတော်မူခြင်းနှင့် ထမြောက်တော်မူခြင်း၏ ပုံသဏ္ဍာန်

ဖတ်ရန်ကျမ်း။   ။ ရော၊၆း၃-၅။ ၅း၁၇။ ဂလ၊၃း၂၇

**I. "ခရစ်တော်ယေရှုအထဲသို့ ဗတ္တိဇံခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံကြသည်" - ရော၊၆း၃။**

A. ဗတ္တိဇံသည် ပုံစံတစ်ခု သို့မဟုတ် ဓလေ့ထုံးစံတစ်ခုမဟုတ်ပေ။ ၎င်းသည် ခရစ်တော်နှင့် ကျွန်ုပ်တို့၏ ထပ်တူကျခြင်းကို ပုံဆောင်သည် - အငယ်၊၃။

B. ဗတ္တိဇံအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ နှစ်မြှုပ်ခံရပြီး၊ ကိုယ်တော့်ကို ကျွန်ုပ်တို့၏နယ်ပယ်အဖြစ် ယူဆောင် ကြသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ပေါင်းစည်းနိုင်မည်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ပထမလူဖြစ်သော အာဒံ၏အဝန်းအဝိုင်း၌ မွေးဖွားလာခဲ့သော်လည်း (၁ကော၊၁၅း၄၅၊ ၄၇)၊ ဗတ္တိဇံအားဖြင့် ဒုတိယလူဖြစ်သော (၁ကော၊၁၅း၄၇) ခရစ်တော်၏ အဝန်းအဝိုင်းအထဲသို့ ပြောင်းရွှေ့ခံရကြသည် (၁း၃၀။ ဂလ၊၃း၂၇)။

D. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောအခါ၊ ကိုယ်တော်၏အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံကြခြင်းဖြစ်သည် - ရော၊၆း၃။

E. ကိုယ်တော်၏ အသေခံခြင်းသည် ကျွန်ုပ်တို့အား လောကနှင့် စာတန်၏မှောင်မိုက်တန်ခိုးမှ ခွဲခြားပေးပြီး၊ ကျွန်ုပ်တို့၏ဇာတိ အသက်၊ ဟောင်းသောသဘောသဘာဝ၊ အတ္တ၊ အသွေးအသားနှင့် ကျွန်ုပ်တို့၏ သမိုင်းကြောင်း တစ်ခုလုံးကိုပင် အဆုံး သတ်ပေးခဲ့သည်။

**II. "ထို့ကြောင့် အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ အကြောင်းမူ ကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတော်အားဖြင့် သေခြင်းမှထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ လျှောက်လှမ်းရကြသတည်း" - အငယ်၊၄။**

A. ကျွန်ုပ်တို့၏လူဟောင်းသည် ခရစ်တော်နှင့်အတူ ကားတိုင်တွင် အသေသတ်ခြင်းကို ခံခဲ့ရပြီး (အငယ်၊၆)၊ အသေခံတော်မူ ခြင်းအထဲသို့ ဗတ္တိဇံခံသောအားဖြင့် ကိုယ်တော်နှင့်အတူ သင်္ဂြိုဟ်ခြင်းခံကြရသည်။

B. ဇာတိအဝန်းအဝိုင်း၌ လူတစ်ဦးသည် အရင်သေပြီးမှ မြှုပ်နှံခံရသည်။ သို့သော် ပေါလု၏စကားက ဝိညာဉ်ဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် ဦးစွာ မြှုပ်နှံခံရပြီး ထို့နောက်မှ သေရမည်ဖြစ်ကြောင်းကို ညွှန်ပြသည်။

C. ကျွန်ုပ်တို့သည် တိုက်ရိုက်သေခြင်း မဟုတ်ပါ၊ ဗတ္တိဇံအားဖြင့် ခရစ်တော်၏ အသေခံခြင်းအထဲသို့ ဝင်ရောက်သွားရသည်။

D. ခရစ်တော်နှင့် သူ၏အသေခံခြင်းသည် တစ်ခုတည်းဖြစ်သည်။

E. ခရစ်တော်မှကင်းကွာလျက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသေခံခြင်းအထဲသို့ ဗတ္တိဇံခံ၍မရနိုင်ပေ၊ အကြောင်းမှာ ကိုယ် တော်၏ အကျိုးသက်ရောက်မှုရှိသော အသေခံခြင်း ဒြပ်သဘာဝသည် ရှင်ပြန်ထမြောက်ခဲ့သော၊ အရာအားလုံးပါဝင်သော အရှင်တည်းဟူသော ကိုယ်တော်၌သာ တွေ့ရှိရသောကြောင့်ဖြစ်သည် - ညွှန်း၊ ယော၊၅း၂၉။ ၁၁း၂၄-၂၅။ တ၊၁း၂၂။ ၂း၃၁။

F. ရောမ ၆း၄ ရှိ *ခမည်းတော်၏ဘုန်းတော်* မှာ ဘုရားဇာတိ၏ ထင်ရှားပေါ်လာခြင်းကို ရည်ညွှန်းသည်။

G. ဗတ္တိဇံခံပြီးနောက် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ လူသစ်ဖြစ်လာသည် - ဖိ၊၃း၁၀။

H. ရှင်ပြန်ထမြောက်ခြင်းသည် အနာဂတ် အခြေအနေသာမက၊ ယခုမျက်မှောက် ဖြစ်စဉ်လည်း ဖြစ်သည်။

I. အသစ်သောအသက်၌ လျှောက်လှမ်းခြင်း ဟူသည် ယနေ့ ထမြောက်ခြင်းနယ်ပယ်၌ အသက်ရှင်ရန်နှင့် အသက်၌ စိုးစံရန် ဖြစ်သည် - ရော၊၆း၄။ ၅း၁၇။

J. ဤသို့သော အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အား ခရစ်တော်၏ ပုံသဏ္ဍာန်တော်သို့ အပြည့်အဝ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် သဏ္ဍာန်တူညီလာမှုမရှိမချင်း ကျွန်ုပ်တို့၌ရှိနေသော အာဒံ၏အရာအားလုံးကို ဆက်ဆံဖြေရှင်းပေးသည် - ၁၂း၂။ ၈း၂၉။

**III. "တစ်နည်းကား ငါတို့သည် အသေခံတော်မူခြင်း၏ ပုံသဏ္ဍာန်ကိုဆောင်၍ ထိုသခင်နှင့်အတူ ကြီးထွားလျက်ရှိလျှင်၊ ထမြောက်တော်မူခြင်း၏ ပုံသဏ္ဍာန်၌ အမှန်ရှိကြလိမ့်မည်" - ၆း၅။**

A. *ထိုသခင်နှင့်အတူ ကြီးထွားလျက်* ဟူသည်မှာ ကြီးထွားမှုကို ဖြစ်ပေါ်စေသည့် အသက်ဆိုင်ရာ ပေါင်းစည်းခြင်းကို ရည်ညွှန်းသည်။ ထိုသို့ဖြင့် လူသည် အခြားသူတစ်ဦး၏ အသက်နှင့် သွင်ပြင်လက္ခဏာများကို ပါဝင်ဆက်ဆံရသည် - အငယ်၊ ၅က။

B. ခရစ်တော်နှင့်အတူ အသက်ဆိုင်ရာ ပေါင်းစည်းခြင်း၌ ခရစ်တော်ဖြတ်ကျော်ခဲ့သမျှသော အရာအားလုံးသည် ကျွန်ုပ်တို့၏ သမိုင်းကြောင်း ဖြစ်လာသည်။

C. ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ယခု ကျွန်ုပ်တို့၏အရာ ဖြစ်လာသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၌ရှိ၍၊ ကိုယ်တော့်ထံ အသက်ဆိုင်ရာ ပေါင်းစည်းဆက်နွှယ်လျက်ရှိသောကြောင့် ဖြစ်သည်။ ဤသည် ကားကိုင်းဆက်ခြင်းဖြစ်သည် - ၁၁း၂၄။

D. ဤသို့သောကိုင်းဆက်ခြင်းသည် ကျွန်ုပ်တို့၌ရှိသည့် ဆန့်ကျင်ဘက် ဒြပ်သဘာဝများအားလုံးကို ဆုတ်ယုတ်စေပြီး၊ ကျွန်ုပ်တို့ရှိ ဘုရားသခင်ဖန်ဆင်းခဲ့သော အစွမ်းသတ္တိများကို ပြန်လည်ရှင်သန်စေခြင်း၊ မြင့်တင်ပေးခြင်း၊ ကြွယ်ဝစေခြင်းနှင့် ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးရန် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး၌ စိမ့်ဝင်ပျံ့နှံ့စေခြင်းဖြစ်သည်။

E. ခရစ်တော်၏ အသေခံတော်မူခြင်း ပုံသဏ္ဍာန်သည် ရောမ ၆း၄ ၌ ဖော်ပြထားသည့် ဗတ္တိဇံဖြစ်ပြီး၊ ခရစ်တော်၏ထမြောက်တော်မူခြင်း ပုံသဏ္ဍာန်သည် အငယ်၊၄ ၌ ဖော်ပြထားသည့် အသစ်သောအသက်ဖြစ်သည်။

F. *ထမြောက်တော်မူခြင်း၏ ပုံသဏ္ဍာန်၌* (အငယ်၊၅) ဟူသည်မှာ အနာဂတ်၌ ထမြောက်သည်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ယခုမျက်မှောက် ကြီးထွားခြင်းဖြစ်စဉ်ကို ရည်ညွှန်းသည်။

G. ကျွန်ုပ်တို့ ဗတ္တိဇံခံသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသေခံတော်မူခြင်း ပုံသဏ္ဍာန်၌ ခရစ်တော်နှင့်အတူ ကြီးထွားလာကြရာ၊ ယခုတွင် ကိုယ်တော်၏ အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ကြီးထွားလျက်ရှိကြသည်။

H. ခရစ်တော်၏အသေခံခြင်း ဒြပ်သဘာဝကို ကိုယ်တော်၌သာ တွေ့နိုင်သကဲ့သို့၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း ဒြပ်သဘာဝလည်း ခရစ်တော်ကိုယ်တော်တိုင်၌သာ တွေ့ရှိနိုင်သည်။ ကိုယ်တော်ကိုယ်တိုင်သည် ထမြောက်ခြင်းဖြစ်သည် - ယော၊၁၁း၂၅။

I. စစ်မှန်သောဗတ္တိဇံကို တွေ့ကြုံရပြီးနောက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထမြောက်တော်မူခြင်းပုံသဏ္ဍာန်၌ ခရစ်တော်နှင့်အတူ၊ ခရစ်တော်၌ ဆက်လက်ကြီးထွားကြရသည်။ ၎င်းမှာ အသစ်သောအသက်၌ လျှောက်လှမ်းခြင်းဖြစ်သည် - ရော၊၆း၄။

**IV. "ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောသူရှိသမျှတို့သည် . . . " - ဂလ၊၃း၂၇။**

A. ဗတ္တိဇံ၏ ပုံပန်းသဏ္ဍာန် လေးမျိုးရှိသည် - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်၏နာမအထဲသို့ ဗတ္တိဇံခံခြင်း (မ၊၂၈း၁၉)၊ ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်း (ဂလ၊၃း၂၇)၊ ခရစ်တော်၏ အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံခြင်း (ရော၊၆း၃)နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်အထဲသို့ ဗတ္တိဇံခံခြင်း (၁ကော၊၁၂း၁၃) တို့ဖြစ်သည်။

B. ဗတ္တိဇံသည် နောင်တရသောလူများအား သူတို့၏ အသက်တာဟောင်းကို အဆုံးသတ်ပေး၍ ခရစ်တော်၏ အသစ်သောအသက်တာနှင့် အစပြုပေးခြင်းအားဖြင့် သူတို့၏ ဟောင်းသောအခြေအနေမှ ထွက်ကာ လူသစ်တစ်ဦး အခြေအနေသို့ ဆောင်ယူပေးသည် - ရော၊၈း၂၊ ၁၀။

C. ဗတ္တိဇံ၌ သွင်ပြင်လက္ခဏာ နှစ်မျိုးရှိသည် - မြင်နိုင်သည့်သွင်ပြင်လက္ခဏာနှင့် မမြင်နိုင်သည့် သွင်ပြင်လက္ခဏာတို့ဖြစ်သည်။

   1. မြင်နိုင်သည့် သွင်ပြင်လက္ခဏာမှာ ရေဖြင့်ပြုသော ဗတ္တိဇံဖြစ်ပြီး၊ မမြင်နိုင်သည့် သွင်ပြင်လက္ခဏာမှာ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့်ပြုသော ဗတ္တိဇံဖြစ်သည် - တ၊၂း၃၈၊ ၄၁။ ၁၀း၄၄-၄၈။

2. ဝိညာဉ်တော်အားဖြင့်ပြုသော မမြင်နိုင်သည့် ဗတ္တိဇံမပါဘဲ၊ ရေဖြင့်ပြုသော မြင်နိုင်သည့် ဗတ္တိဇံသည် အချည်းနှီးသာဖြစ်သည်၊ ရေဖြင့်ပြုသော မြင်နိုင်သည့် ဗတ္တိဇံမပါရှိဘဲ၊ ဝိညာဉ်တော်ဖြင့်ပြုသော မမြင်နိုင်သည့် ဗတ္တိဇံသည်လည်း ပြည့်စုံခြင်းကင်း၍ လက်တွေ့ကျမည်မဟုတ်ပါ၊ နှစ်မျိုးစလုံး လိုအပ်ပါသည်။

D. သုံးပါးတစ်ပါးဘုရားအထဲသို့ ဗတ္တိဇံခံခြင်းမှာ ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်း ဖြစ်သည် - ဂလ၊၃း၂၇။

1. ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိကြသောကြောင့် ဘုရားသခင်၏သားများဖြစ်ကြပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံခဲ့သောကြောင့် ခရစ်တော်၌ ရှိကြသည် - ရော၊၈း၁၀၊ ၁၄။ ဂလ၊၃း၂၆။ ၄း၇။
2. ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်းမှာ ခရစ်တော်၌ရှိရန် နည်းလမ်းဖြစ်သည် - ၃း၂၇။
3. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံခဲ့သောကြောင့်၊ ယခု ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အသက်ဆိုင်ရာ ပေါင်းစည်းခြင်းကို မွေ့လျော်ဝမ်းမြောက်ကြသည်၊ ၎င်းမှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးကို ပုံသဏ္ဌာန်ပြောင်းလဲစေနိုင်သည် - ရော၊၁၂း၂။
4. ဂလာတိ အခန်းကြီး ၃ ၏အဆုံး၌ ပေါလုက ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်း၊ ခရစ်တော်ကို ယူတင်ဝတ်ဆင်ခြင်းတို့နှင့်စပ်လျဉ်းသော စကားဖြင့် အဆုံးသတ်ထားခြင်းမှာ အလွန်အဓိပ္ပာယ်ရှိသည် - အငယ်၊၂၇။
5. ပေါလုက ဗတ္တိဇံနှင့်စပ်လျဉ်းသော စကားဖြင့် အဆုံးသတ်ထားခြင်း၏ အချက်သည် ဤအခန်းတွင် ခြုံငုံဖော်ပြထားသည့်အရာကို ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်းနှင့် ခရစ်တော်ကို ယူတင်ဝတ်ဆင်ခြင်း ရှိပြီးမှသာ တွေ့ကြုံခံစားနိုင်မည်ဖြစ်ကြောင်း ပြသသည် - အငယ်၊၂၇။
6. ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောသူ ရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆင်ကြသည် - အငယ်၊၂၇။
7. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံကြပြီး၊ ယခု ကျွန်ုပ်တို့တွင် ကျွန်ုပ်တို့ကို လွှမ်းခြုံထားသော ခရစ်တော်ရှိသည်။
8. တစ်ဖက်တွင် ဗတ္တိဇံခံခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ နှစ်မြှုပ်ခဲ့ကြပြီး၊ အခြားတစ်ဖက်တွင် ဗတ္တိဇံခံခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆင်ကြသည်။
9. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံကြပြီး ကျွန်ုပ်တို့၏ဝတ်ဆင်ခြင်း၊ ကျွန်ုပ်တို့၏ဖုံးအုပ်ခြင်းအဖြစ် ကိုယ်တော့်ကို ဝတ်ဆင်ကြကြောင်း ကျွန်ုပ်တို့မှ များစွာတို့က ခိုင်မာစွာ သက်သေခံနိုင်ပါသည် - အငယ်၊၂၇။

*© 2025 Living Stream Ministry*

Message Four
**ခင်ပွန်း အသစ်**

ဖတ်ရန်ကျမ်း။ ။ ရောမ၊ ၇း၂-၆

**I. ခရစ်တော်သည် ခင်ပွန်း အသစ် ဖြစ်တော်မူသည် - ရော၊ ၇း၂-၆။**

A. အသစ်တစ်ဖန်မွေးဖွားခြင်း ခံရသောသူများအနေဖြင့် ယုံကြည်သူအမျိုးသားနှင့် အမျိုးသမီးများအားလုံးသည် ခရစ်တော်ကို သူတို့၏ ခင်ပွန်းအဖြစ် ရရှိထားကြပြီး၊ ကိုယ်တော့်ဇနီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ကြသည်။

B. စစ်မှန်သော ခရစ်ယာန်အားလုံးတို့သည် ခရစ်တော်ကို သူတို့၏ခင်ပွန်းအဖြစ် ရရှိထားကြသော်လည်း၊ များစွာတို့သည် ကိုယ်တော်အား သူတို့၏ ခင်ပွန်းအဖြစ် မသိကြသည်မှာ သနားစဖွယ် ကောင်းလှသည်။

**II. ကျွန်ုပ်တို့၏ လူဟောင်း၊ ခင်းပွန်းဟောင်းသည် ကားတိုင်တွင်အသေသတ်ခံရပြီ ဖြစ်သည်။**

A. အငယ်၊ ၂ မှ ၄က ၌ ခင်ပွန်းနှစ်ဦးကို ဖော်ပြထားသည်။

1. ပထမ ခင်ပွန်း၊ ခင်ပွန်းဟောင်းသည် ၆း၆ ၌ ဖော်ပြထားသည့် ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်တွင် အသေသတ်ခြင်း ခံရပြီးသော လူဟောင်းဖြစ်သည်။
2. ၇း၂-၄ ၌ ဖော်ပြထားသော ဒုတိယ ခင်ပွန်း၊ ခင်ပွန်းအသစ်မှာ ခရစ်တော် ဖြစ်သည်။

B. ကျွန်ုပ်တို့၏ခင်ပွန်းဟောင်းဖြစ်သော လူဟောင်းသည် ခရစ်တော်နှင့်အတူ ကားတိုင်ပေါ်တွင်အသေသတ်ခြင်း ခံရပြီး ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် သူ၏ပညတ်တရားမှ လွတ်မြောက်ကာ ခင်ပွန်းသစ်ဖြစ်သော၊ အစဉ်အမြဲ အသက်ရှင်တော်မူသောအရှင် ခရစ်တော်နှင့် ပေါင်းစည်းဆက်နွှယ်ကြရပြီ ဖြစ်သည်။

C. ယုံကြည်သူများအနေနှင့် ကျွန်ုပ်တို့၌ အဆင့်အနေအထား နှစ်ခုရှိသည်။

1. ပထမ တစ်ခုမှာ ဘုရားသခင်အပေါ် မှီခိုသည့် ဇနီးသည်ဟူသော မူလအနေအထားကို စွန့်ပစ်၍၊ ဘုရားသခင် အပေါ် မှီခိုမှုကင်းလျက် ခင်ပွန်းနှင့် ဦးခေါင်းအနေအထားကို ယူဆောင်သည့် ကျဆင်းသွားသော လူဟောင်းတည်းဟူသော ကျွန်ုပ်တို့၏ အဆင့်အနေအထားအဟောင်း ဖြစ်သည်။
2. ဒုတိယတစ်ခုမှာ ဘုရားအပေါ် မှီခို၍ ကိုယ်တော့်ကို ဦးခေါင်းအဖြစ် ယူဆောင်သည့် ဘုရားသခင်၏ စစ်မှန်သော ဇနီးဟူသော ကျွန်ုပ်တို့၏ မူလအနေအထားမှန်ကို ပြန်လည်ရယူသော အသစ်တစ်ဖန် မွေးဖွားခံရသည့် လူသစ် တည်းဟူသော အဆင့်အနေအထားဖြစ်သည်။
3. ကျွန်ုပ်တို့၌ ခင်ပွန်းဟောင်း၏ အဆင့်အနေအထား မရှိတော့ပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်း ခံရပြီးသောကြောင့် ဖြစ်သည်။
4. ယခု ကျွန်ုပ်တို့သည် သင့်လျော်မှန်ကန်သောဇနီး တည်းဟူသော အသစ်သော အဆင့်အနေအထား၌ ရှိ၍၊ ခရစ်တော်ကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ရမည်ဖြစ်ပြီး၊ လူဟောင်းအတိုင်း ဆက်လက် အသက်မရှင်သင့်တော့ပေ။ ဆိုလိုသည်မှာ လူဟောင်းကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ခြင်း မရှိသင့်တော့ပေ။

D. ပညတ်တရားကို ခင်ပွန်းဟောင်း၊ လူဟောင်းထံပေးအပ်ရန် ရည်ရွယ်ခဲ့သည့်အတွက်ကြောင့်၊ လူဟောင်း၏ သေခြင်းသည် ကျွန်ုပ်တို့အား ခရစ်တော်၏ ကိုယ်ခန္ဓာမှတဆင့် ပညတ်တရားထံသို့ သေလျက်ရှိစေသည်။

**III. ကျွန်ုပ်တို့သည် သေခြင်းမှ ထမြောက်တော်မူသောသူ အခြားသောခင်ပွန်း ခရစ်တော်နှင့် လက်ထပ်ခြင်းငှာ၊ ကျွန်ုပ်တို့၏ လူဟောင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာမှတဆင့် ပညတ်တရားသို့ ကားတိုင်မှာသေစေခြင်း ခံရပြီဖြစ်သည် - ရော၊ ၇း၄က။**

A. ဤပေါင်းစည်းဆက်နွှယ်ခြင်းမှာ ဇနီးတည်းဟူသော ကျွန်ုပ်တို့၏ အသစ်သော အဆင့်အနေအထားတွင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်နှင့်အတူ ပုဂ္ဂိုလ်၊ နာမ၊ အသက်နှင့် တည်ရှိမှု၌ ရှင်သန်စွာ ပေါင်းစည်းနေကြောင်း ရည်ညွှန်းသည် - ၂ကော၊ ၁၁း၂။

B. ခရစ်တော်သည် ကျွန်ုပ်တို့၏ခင်ပွန်းဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မှီခိုပြီး၊ ကိုယ်တော့်ကို ကျွန်ုပ်တို့၏ ဦးခေါင်းအဖြစ် ယူဆောင်ရမည် ဖြစ်သည် - ဧ၊ ၅း၂၃။

1. ခရစ်တော်ကို ကျွန်ုပ်တို့၏ ဦးခေါင်းအဖြစ် ယူဆောင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်း၊ ရှိခြင်း၊ လုပ်ဆောင်ခြင်း အရာအားလုံးကို အဆုံးသတ်၍၊ အရာအားလုံးတို့အတွက် ကိုယ်တော်၌ ယုံကြည်ကိုးစားရန် ဖြစ်သည်။
2. ခရစ်တော်ကို ကျွန်ုပ်တို့၏ခင်ပွန်းအဖြစ် ယူဆောင်ခြင်းသည်လည်း ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ယုံကြည်ခြင်းကို ဆိုလိုသည်။
3. ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်အားဖြင့် အသက်မရှင်သင့်တော့ဘဲ၊ ခရစ်တော်အားဖြင့် အသက်ရှင်ရမည်။ ခရစ်တော်ကို ကျွန်ုပ်တို့အတွက် အသက်ရှင်ခွင့်ပေးရမည်။
4. ကျွန်ုပ်တို့သည် ခင်ပွန်းမဟုတ်တော့ပါ။ လူဟောင်းအနေဖြင့် ကျွန်ုပ်တို့သည် ကားတိုင်ပေါ်တွင် အသေသတ်ခြင်း ခံပြီး ဖြစ်သည်၊ ယခု ခရစ်တော်သည် ကျွန်ုပ်တို့၏ ခင်ပွန်း ဖြစ်သည်။

C. ခရစ်တော်သည် ကျွန်ုပ်တို့၏ ဦးခေါင်းဖြစ်သည်သာမက - ကိုယ်တော်သည် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်နှင့် ကျွန်ုပ်တို့၏အသက်လည်း ဖြစ်သည် - ကော၊၃း၄။

D. လူတစ်ဦးသည် ယုံကြည်၍ သုံးပါးတစ်ပါးဘုရားအထဲသို့ ဗတ္တိဇံ ခံသောအခါ၊ သူသည် အခြားသော ပုဂ္ဂိုလ်တစ်ဦးနှင့် ပါဝင်ပတ်သက်ခြင်းရှိလာသည်။ ဆိုလိုသည်မှာ သူသည် အခြားပုဂ္ဂိုလ်ဖြစ်သော ခရစ်တော်ကို လက်ထပ်လိုက်ပြီ ဖြစ်သည်။

## IV. ဇနီးတစ်ဦးအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ အသီးသီးရမည် - ရော၊ ၇း၄ခ။

A. ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိပြီး၊ ဘုရားသခင်အဖို့ အသက်ရှင်သောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ အသီးသီးကြသည်။

B. အသစ်မွေးဖွားခံရသောပုဂ္ဂိုလ်၊ ဇနီးအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ အသီးသီးကြသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ ပြုသမျှအရာခပ်သိမ်းမှာ ယခုတွင် ဘုရားသခင်နှင့်ဆက်နွယ်သည်။

C. ဤနေရာ၌ သေခြင်းနှင့် ဘုရားသခင်အကြား ထင်ရှားသည့် ခြားနားမှုရှိသည်။

D. *ဘုရားသခင်အဖို့ အသီးသီးခြင်း* ဟူသော စကားစုမှာ ဘုရားသခင်ကို အသီးအဖြစ် ထွက်ပေါ်စေခြင်းအား ဆိုလိုသည်။

1. ထို့ကြောင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းနှင့် ပြုသမျှအရာအားလုံးမှာ အသက်ရှင်တော်မူသော ဘုရားသခင်ဖြစ်ရပေမည်။
2. ကျွန်ုပ်တို့သည် ဘုရားသခင်၏ လျှံထွက်စီးဆင်းလာခြင်းအဖြစ် ဘုရားသခင်ကို ထွက်ပေါ်စေရမည်၊ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ကျွန်ုပ်တို့၏အသီးအဖြစ် ရယူ၍၊ ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ အသီးသီးမည် ဖြစ်သည်။

## V. ကျွန်ုပ်တို့သည် ပညတ်တရားလက်မှ လွတ်မြောက်မည့်အကြောင်း၊ ကျွန်ုပ်တို့အား ချုပ်နှောင်ထားသော ပညတ်တရားထဲ သေခဲ့ပြီး ဖြစ်သည်။ ဇနီးနှင့် လူသစ်အနေဖြင့် ကျွန်ုပ်တို့သည် ပညတ်တရားအောက် မရှိကြတော့ပါ - အငယ်၊ ၆။

A. ပညတ်တရားသည် ဘုရားသခင်ကို ဖော်ပြပြီး၊ ကိုယ်တော်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည် - ဝတ်၊ ၁၉း၂။

B. ထို့ကြောင့် ၎င်းသည် ကျဆင်းသောလူအား များစွာသော တောင်းဆိုချက်နှင့် ပြဋ္ဌာန်းချက်ကို ချမှတ်ကာ၊ ထိုသို့ပြုခြင်းအားဖြင့် ၎င်းသည် အပြစ်များကို ခွဲခြားသိမြင်စေပြီး လူအား အပြစ်ကို သိကျွမ်းခြင်းသို့ ဦးဆောင်ပေးသည် - ရော၊ ၃း၂၀။ ၄း၁၅။ ၅း၂၀။

C. ဤနည်းအားဖြင့် လူသည် ပညတ်တရားအားဖြင့် ဖော်ထုတ်ခြင်းနှင့် သိမ်းပိုက်ခြင်း ခံရသည် - ၃း၁၉။

## VI. ဇနီးအနေဖြင့် ကျွန်ုပ်တို့သည် ကျမ်းစာ၌ပါသော တရားဟောင်း၌မဟုတ်ဘဲ၊ ဝိညာဉ်၏ အသစ်ဖြစ်ခြင်း၌ သခင်ဘုရားကို အစေခံကြရမည်ဖြစ်သည် - ၇း၆။

A. ၆း၄ ၌ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအတွက် အသက်၏သစ်လွင်ခြင်း ရှိပြီး၊ ၇း၆ ၌ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းအတွက် ဝိညာဉ်၏ သစ်လွင်ခြင်း ရှိရမည်။

1. အသက်၏သစ်လွင်ခြင်းမှာ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် ကျွန်ုပ်တို့ ထပ်တူညီမှုရှိခြင်းမှ ထွက်ပေါ်လာခြင်း ဖြစ်၍၊ ယင်းသည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ကျွန်ုပ်တို့၏ လျှောက်လှမ်းခြင်းအတွက် ဖြစ်သည်။
2. ဝိညာဉ်၏သစ်လွင်ခြင်းမှာ ကျွန်ုပ်တို့သည် ပညတ်တရားမှ လွတ်မြောက်ကာ ရှင်ပြန်ထမြောက်သော ခရစ်တော်ထံ ပေါင်းစည်းဆက်နွှယ်ခြင်းမှ ထွက်ပေါ်လာ၍၊ ယင်းမှာ ဘုရားသခင်ကို ကျွန်ုပ်တို့အစေခံခြင်းအတွက် ဖြစ်သည်။
3. ဝိညာဉ်၏သစ်လွင်ခြင်းနှင့် အသက်၏သစ်လွင်ခြင်း နှစ်ခုစလုံးသည် လူဟောင်းကို ကားတိုင်မှာသေစေခြင်းမှ ထွက်ပေါ်လာသော ရလဒ်များ ဖြစ်သည်။

B. ဝိညာဉ်၏သစ်လွင်ခြင်းနှင့် အသက်၏သစ်လွင်ခြင်း နှစ်ခုစလုံးသည် ဝိညာဉ်တော်နှင့် ဆက်နွှယ်မှု ရှိသည်။

1. အသက်၏သစ်လွင်ခြင်းသည် အသက်ပေးသော ဝိညာဉ်တော် ဖြစ်တော်မူသောအရှင်၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော် ကိုယ်တော်တိုင်နှင့် ဆက်နွှယ်မှု ရှိသည် -၁ကော၊ ၁၅း၄၅ခ။
2. *ဝိညာဉ်၏သစ်လွင်ခြင်း* ဟူသော စကားစုရှိ ဝိညာဉ်မှာ သခင်ဘုရားသည် ဝိညာဉ်တော်အဖြစ် ကိန်းဝပ်တော်မူသည့် ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားခြင်းခံရသော လူသားဝိညာဉ်ကို ရည်ညွှန်းသည် - ၂ တိ၊ ၄း၂၂။
   a. ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကိန်းဝပ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် အသစ်သော ဝိညာဉ်၌ အမှုဆောင်နိုင်ခြင်း ဖြစ်သည်။
   b. ကျွန်ုပ်တို့၏ အသစ်မွေးဖွားခြင်းခံရသော ဝိညာဉ်နှင့် ဆက်စပ်နေသောအရာမှန်သမျှသည် အသစ်ဖြစ်သည်။
   c. ကျွန်ုပ်တို့၏အသစ်မွေးဖွားခြင်းခံရသော ဝိညာဉ်သည် အသစ်ဖြစ်ခြင်း၏အရင်းအမြစ်ဖြစ်သည်၊ အကြောင်းမှာ သခင်ဘုရား၊ ဘုရားသခင်၏အသက်နှင့် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုနေရာ၌ ရှိသောကြောင့် ဖြစ်သည်။
   d. ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားခြင်းခံရသော ဝိညာဉ်၌ရှိသော အရာမှန်သမျှသည် အသစ် ဖြစ်သည်။ ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားခြင်းခံရသော ဝိညာဉ်၌ အသစ်ဖြစ်ခြင်းကလွဲ၍ အခြားဘာမျှ မရှိပါ။
   e. လူသစ်အနေဖြင့် ကျွန်ုပ်တို့သည် လူဟောင်း၏ ပညတ်တရားမှ လွတ်မြောက်ပြီး၊ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၊ ခင်ပွန်းအသစ်ထံသို့ လက်ထပ်ခဲ့ကြပြီ ဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်အဖို့ အသီးသီးမည်အကြောင်းနှင့် အသစ်သော ဝိညာဉ်၌ သခင်ဘုရားကို အမှုဆောင်နိုင်ရန် ဖြစ်သည်။

*© 2025 Living Stream Ministry*

Message Five

## ကိန်းဝပ်နေသော ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ရော၊၈း၉-၁၁၊ ၂၈-၂၉

**I. ရောမ ၈ ကို သမ္မာကျမ်းစာတစ်အုပ်လုံး၏ ဗဟိုပြုချက်နှင့် စကြဝဠာ၏အလယ်ဗဟိုအဖြစ် မှတ်ယူနိုင်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ရောမ ၈ ကို တွေ့ကြုံခံစားမည်ဆိုလျှင် စကြဝဠာ၏အလယ်ဗဟို၌ ကျွန်ုပ်တို့ရှိနေခြင်းဖြစ်သည်။**

**II. ရောမ ၈ သည် ဩဝါဒဆိုင်ရာ အခန်းကြီးမဟုတ်ဘဲ၊ တွေ့ကြုံခံစားမှုဆိုင်ရာ အခန်းကြီးဖြစ်သည်။ ၎င်းသည် သုံးပါးတစ်ပါး ဘုရား၏ ဩဝါဒအကြောင်း မပြောထားဘဲ၊ ခရစ်ယာန်အသက်တာ၏ အတွေ့အကြုံ၌ရှိသော သုံးပါးတစ်ပါးဘုရားအကြောင်း ပြောထားခြင်းဖြစ်သည်။**

**III. ရောမ ၈ သည် အသက်၏ဝိညာဉ်တော်တရားအဖြစ် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရားက ယုံကြည်သူများကို သူတို့၏အသက်ရှင်ခြင်းအတွက် ဘုရားဆိုင်ရာအသက်ကို ပေးထားကြောင်း ဖွင့်ပြထားသည် - အငယ်၊၂၊ ၆၊ ၁၀-၁၁၊ ၂၆-၂၉။**

**IV. ရောမ ၈ သည် သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းအဖြစ် အရာအားလုံးပါဝင်သော၊ အသက်ပေးသော ဝိညာဉ်တော်နှင့် စပ်ဆိုင်နေသည်။ ဤဝိညာဉ်တော်က ကျွန်ုပ်တို့အား အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်း၌ ခရစ်တော်ကဲ့သို့ အတိအကျ တူညီခြင်းရှိစေလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ရောမ ၈ ဖြစ်သည်။**

**V. "သို့သော်လည်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင်၊ သင်တို့သည် အသွေးအသား၌ ရှိကြသည်မဟုတ်။ ဝိညာဉ်၌ ရှိကြ၏" - အငယ်၊၉က။**

A. ဤအခန်းသည် သုံးပါးတစ်ပါးဘုရား - ခမည်းတော် (အငယ်၊၁၅)၊ သားတော် (အငယ်၊၃၊ ၂၉၊ ၃၂) နှင့် ဝိညာဉ်တော် (အငယ်၊ ၉၊ ၁၁၊ ၁၃-၁၄၊ ၁၆၊ ၂၃၊ ၂၆) - က မိမိကိုယ်တော်တိုင်ကို အသက်အဖြစ် (အငယ်၊၂၊ ၆၊ ၁၀၊ ၁၁) သုံးပိုင်းရှိသောလူများ - ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ - ဖြစ်သည့် ကျွန်ုပ်တို့အား ကိုယ်တော်၏သားများဖြစ်စေ၍ (အငယ်၊၁၄-၁၅၊ ၁၉၊ ၂၃၊ ၂၉၊ ၁၇) ခရစ်တော်၏ကိုယ်ခန္ဓာတော် စေ့စပ်ထုံးဖွဲ့ခြင်းအတွက် (၁၂း၄-၅) မည်သို့ ဝေငှဖြန့်ဖြူးခဲ့ကြောင်း ဖွင့်ပြထားသည်။

B. ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ ဝိညာဉ်တော်အား ကျွန်ုပ်တို့၌ သူ၏အိမ်တော်ဆောက်လုပ်နေထိုင်ခွင့်ပြုမည်ဆိုလျှင် ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် ဝိညာဉ်၌ရှိကာ၊ အသွေးအသား၌ ရှိတော့မည်မဟုတ်ပေ။

C. ကျွန်ုပ်တို့သည် ထိုသို့ဖြစ်လျှင်၊ ဝိညာဉ်တော်အဖြစ် သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏ဝိညာဉ်မှ (၈း၁၀) ကျွန်ုပ်တို့၏ အသိဉာဏ်ဖြင့် ကိုယ်စားပြုထားသော ကျွန်ုပ်တို့စိတ်အထဲသို့ ပျံ့နှံ့လာကာ (အငယ်၊၆)၊ နောက်ဆုံးတွင် ကျွန်ုပ်တို့၏သေတတ်သော ခန္ဓာကိုပင် ကိုယ်တော်သည် အသက်ပေးလိမ့်မည်ဖြစ်သည် (အငယ်၊၁၁)။

**VI. "ခရစ်တော်၏ ဝိညာဉ်တော်ကို မရသောသူမည်သည်ကား၊ ခရစ်တော်နှင့်မဆိုင်" - အငယ်၊၉ခ။**

A. ဤအရာက ကျွန်ုပ်တို့သည် ခရစ်တော်နှင့်စပ်ဆိုင်မှုရှိခြင်းမှာ ဝိညာဉ်တော်အပေါ် မူတည်ကြောင်း ပြသနေသည်။

B. ခရစ်တော်၏ဝိညာဉ်တော် မရှိခဲ့လျှင် သို့မဟုတ် ခရစ်တော်သည် ဝိညာဉ်တော် မဖြစ်ခဲ့လျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ထံ ပေါင်းစည်းဆက်နွယ်ရန်နှင့် ကိုယ်တော်၏ ပိုင်ဆိုင်ခံရရန် နည်းလမ်းရှိမည်မဟုတ်ပါ။

C. သို့သော်လည်း၊ ခရစ်တော်သည် ထိုဝိညာဉ်တော်ဖြစ်ပြီး (၂ကော၊၃း၁၇)၊ ကိုယ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်၌ ရှိကာ (၂တိ၊ ၄း၂၂)၊ ကျွန်ုပ်တို့နှင့် တစ်ဝိညာဉ်တည်း ဖြစ်သည် (၁ကော၊၆း၁၇)။

D. ဘုရားသခင်၏ဝိညာဉ်တော်နှင့် ခရစ်တော်၏ ဝိညာဉ်တော်သည် ဝိညာဉ်တော်နှစ်ပါးမဟုတ်ဘဲ တစ်ပါးတည်းဖြစ်သည်။

E. ပေါလုက ဤဂုဏ်ပုဒ်များကို အပြန်အလှန် အသုံးပြုထားကာ၊ ရောမ ၈ ရှိ အပိုဒ်ငယ် ၂ မှ ကိန်းဝပ်နေသော အသက်၏ ဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရားတစ်ခုလုံး၏ အရာအားလုံးပါဝင်သော၊ အသက်ပေးသော ဝိညာဉ်တော်ပင်ဖြစ်ကြောင်း ညွှန်ပြနေသည်။

F. ဘုရားသခင်၊ ထိုဝိညာဉ်တော်နှင့် ခရစ်တော် အားလုံးတို့ကို အပိုဒ်ငယ် ၉ တွင် ဖော်ပြထားသည်။

G. ယင်းသည် ကျွန်ုပ်တို့၌ သုံးပါးမဟုတ်ပါ၊ သုံးပါးတစ်ပါးဘုရား၏ သုံးပါးတစ်ပါးဝိညာဉ်တော် တစ်ပါးတည်းသာ ရှိသည် - ယောဟ၄း၂၄။ ၂ကော၊၃း၁၇။ ရော၊၈း၁၁။

## VII. "ခရစ်တော်သည် သင်တို့အထဲ၌ ရှိတော်မူလျှင်၊ ကိုယ်ခန္ဓာသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း၊ ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ဖြစ်၏" - အငယ်၊၁၀။

A. "ခရစ်တော်သည် သင်တို့၌ရှိခြင်း" သည် ရောမစာစောင်၌ အရေးပါလှသော အချက်ဖြစ်သည်။

1. အခန်းကြီး ၃ ၌ ခရစ်တော်သည် ကားတိုင်ပေါ်မှာ ကျွန်ုပ်တို့၏ရွေးနုတ်ခြင်းအတွက် အသွေးတော်ကို သွန်းခဲ့သည်။
2. အခန်းကြီး ၄ ၌ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိသည်။
3. အခန်းကြီး ၆ ၌ ကျွန်ုပ်တို့သည် ခရစ်တော်၌ ရှိကြသည်။
4. အခန်းကြီး ၈ ၌ ခရစ်တော်သည် ကျွန်ုပ်တို့၌ရှိသော ထိုဝိညာဉ်တော်ဖြစ်သည်။

B. ကျွန်ုပ်တို့သည် သခင်ဘုရား၌ ယုံကြည်လက်ခံခြင်းမရှိမီ၊ အတွင်းရှိ ကျွန်ုပ်တို့၏ဝိညာဉ်သည် သေနေကာ၊ အပြင်ပိုင်းရှိ ကိုယ်ခန္ဓာသည် ရှင်သန်နေသည်။

C. ယခု ကျွန်ုပ်တို့၌ ခရစ်တော်ရှိပြီး၊ အပြင်ပိုင်းရှိ ကျွန်ုပ်တို့၏ခန္ဓာသည် အပြစ်ကြောင်း အသေဖြစ်သော်လည်း၊ အတွင်းရှိ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဖြောင့်မတ်ခြင်းကြောင်း အသက်ဖြစ်သည်။

D. ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ အသက်အဖြစ် ကြွလာခြင်းက ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏ သေနေသော အခြေအနေကို ဖော်ထုတ်ပေးသည်။

E. ကျွန်ုပ်တို့၏ဝိညာဉ်၌ ဖြောင့်မတ်ခြင်းဖြစ်သော ခရစ်တော်ဝိညာဉ်တော်သည် အသက်အဖြစ် ထွက်ပေါ်လာသည်။ သို့သော် ကျွန်ုပ်တို့၏အသွေးအသားရှိ အပြစ်အဖြစ် စာတန်သည် သေခြင်းအဖြစ် ထွက်ပေါ်လာသည်။

F. လူ၏ကျဆင်းခြင်းမှတစ်ဆင့် အပြစ်သည် ၎င်းနှင့်အတူ သေခြင်းကို ယူလာကာ၊ လူသားခန္ဓာကိုယ်သို့ ဝင်ရောက်၍၊ ယင်းကို သေစေကာ၊ ဘုရားသခင်၏အရာများ၌ မစွမ်းဆောင်နိုင်အောင် ဖြစ်စေသည်။

1. ဘုရားသခင်သည် အသွေးအသား၌ အပြစ်ကို စီရင်ခဲ့သော်လည်း (အငယ်၊၃) ဤအပြစ်သည် လူ၏ကျဆင်းသွားသော ကိုယ်ခန္ဓာမှ အမြစ်ပြုတ်ခြင်း သို့မဟုတ် ဖျောက်ပစ်လိုက်ခြင်း မရှိသေးပါ။
2. ထို့ကြောင့် ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် သေလျက်နေဆဲဖြစ်သည်။

G. ရောမ ၈း၁၀ ရှိ ဝိညာဉ်သည် ကျဆင်းသွားသောလူသားခန္ဓာကိုယ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အသစ်မွေးဖွားခံရသည့် လူသားဝိညာဉ် ဖြစ်သည်။

H. ဝိညာဉ်သည် ဖြောင့်မတ်ခြင်းကြောင့် အသက်ဖြစ်ခြင်းမှာ ကျွန်ုပ်တို့၏လူသားဝိညာဉ်ကို ရည်ညွှန်းခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ဝိညာဉ်တော်ကို ရည်ညွှန်းခြင်းမဟုတ်ပါ။

I. ကျွန်ုပ်တို့၏ဝိညာဉ်သည် အသစ်မွေးဖွားခံရရုံသာမက၊ အသက်ရှင်စေခြင်းလည်း ခံရသည်။ ၎င်းသည် အသက်ဖြစ်လာခြင်း ဖြစ်သည်။

1. ကျွန်ုပ်တို့သည် ခရစ်တော်၌ ယုံကြည်လက်ခံသောအခါ အသက်၏ ဘုရားဆိုင်ရာဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်အထဲသို့ ဝင်ရောက်လာပြီး၊ မိမိကိုယ်တော်တိုင် ၎င်းနှင့် ရောနှောပေါင်းစည်းခဲ့သည်။
2. ထိုသို့ဖြင့် ဝိညာဉ်နှစ်ခုသည် တစ်ဝိညာဉ်တည်းဖြစ်လာခဲ့သည် - ၁ကော၊၆း၁၇။

J. ဘုရားသခင်၏ ဖြောင့်မတ်ရာသို့ရောက်စေခြင်း၌ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းကို ရရှိကြသည်၊ ယင်းမှာ သုံးပါးတစ်ပါး ဘုရားကိုယ်တော်တိုင်သည် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့၊ ကျွန်ုပ်တို့၏ဝိညာဉ်အထဲသို့ ဝင်ရောက်လာခြင်း ဖြစ်သည် - ရော၊ ၈း၁၀။

1. ဤဖြောင့်မတ်ခြင်းသည် အသက်ကို ထွက်ပေါ်လာစေသည် - ၅း၁၈၊ ၂၁။
2. ယခု ကျွန်ုပ်တို့၏ဝိညာဉ်သည် အသက်ရှင်ရုံမျှမဟုတ်ဘဲ၊ အသက်လည်း ဖြစ်နေသည်။

**VIII. "ထိုမှူမက ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရား၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သော သင်တို့၏ ကိုယ်ခန္ဓာများကိုလည်း အသက်ပေးတော်မူမည်" - ၈း၁၁။**

A. ဤကျမ်းပိုဒ်၌ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားတစ်ခုလုံး - "ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသောအရှင်"၊ "ခရစ်တော်" နှင့် သင်တို့အထဲ၌ ကိန်းဝပ်သော မိမိ၏ဝိညာဉ်တော်" ကို မြင်ရသည်။

B. *သေတတ်သော သင်တို့ကိုယ်ခန္ဓာများကိုလည်း အသက်ပေးမည်* ဟူသောစကားတွင် ပြသထားသည့် ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို ယုံကြည်သူများအထဲသို့ ဝေငှဖြန့်ဖြူးနေသည်၊ ယင်းမှာ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အလယ်ဗဟို၌သာ ဖြစ်ပေါ်သည့် ဝေငှဖြန့်ဖြူးခြင်းမဟုတ်ဘဲ၊ အဝန်းအဝိုင်းအားလုံးသို့၊ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသို့လည်း ရောက်ရှိသော ဝေငှဖြန့်ဖြူးခြင်း ဖြစ်သည်။

C. *အသက်ကိုပေးသည်* ဟူသည်မှာ ဘုရားဆိုင်ရာအနာငြိမ်းစေခြင်းကို မရည်ညွှန်းဘဲ၊ ကျွန်ုပ်တို့က ဘုရားသခင်၏ဝိညာဉ်တော်အား ကျွန်ုပ်တို့၌ အိမ်ဆောက်နေထိုင်ရန်နှင့် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသို့ ဘုရားဆိုင်ရာအသက်ဖြင့် စိမ့်ဝင်ပျံ့နှံ့စေရန် အခွင့်ပေးခြင်း၏ ရလဒ်ကို ရည်ညွှန်းခြင်းဖြစ်သည်။

D. ဤနည်းလမ်း၌ ကိုယ်တော်သည် ကိုယ်တော်၏အသက်ကို ကျွန်ုပ်တို့၏ သေတတ်သော၊ သေလုနီးဖြစ်သော ကိုယ်ခန္ဓာသို့ အနာငြိမ်းစေရုံမျှမဟုတ်ဘဲ၊ ကိုယ်တော်၏အလိုတော်ကို သယ်ဆောင်စေခြင်းငှာ ရှင်သန်လာစေရန် ပေးခြင်းဖြစ်သည်။

*© 2025 Living Stream Ministry*